# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်
## (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို နံနက် ၁၀း၄၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀ း ၄၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၂) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ရှိတဲ့အနက် ၄၀၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၃.၉၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ၂၃-၇-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ရှိပြီး ယခင် ခွင့်ပန်ကြားထားသူ ၆ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၂၀ ဦးရှိပြီး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၆ ဦးဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၂၀ ဦး သည် အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်းသည် ဆေးစစ်ခံရန် ပြည်ပသို့သွားရောက်နေပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့မှ ၂၇-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၅ ရက် အဖြစ်လည်းကောင်း၊

(၂) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန်သည် နေမကောင်းပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၃) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းသည် ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသခံယူနေပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့မှ ၂၃-၈-၂၀၁၂ ရက်နေ့အထိ ခွင့် ၁ လ အဖြစ်လည်းကောင်း၊

(၄) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်သည် ကျန်းမာရေးမကောင်းပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့မှ ၂၇-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၅ ရက်အဖြစ်လည်းကောင်း၊

(၅) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေသည် နေမကောင်းပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၆) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်သည် နေမကောင်းပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၇) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့မှ ၃-၈-၂၀၁၂ ရက်နေ့အထိ ခွင့် ၁၂ ရက်အဖြစ်လည်းကောင်း၊

(၈) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့မှ ၂၄-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၉) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်းသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့မှ ၂၇-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၅ ရက်အဖြစ်လည်းကောင်း၊

(၁၀) နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့မှ ၂၆-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၄ ရက် အဖြစ်လည်းကောင်း၊

(၁၁) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၂) တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်းသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၃) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၄) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့မှ ၂၄-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၁၅) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင်သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၆) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်းသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့မှ ၂၅-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အဖြစ်လည်းကောင်း၊

(၁၇) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင်သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့မှ ၂၅-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အဖြစ်လည်းကောင်း၊

(၁၈) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကိုသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့မှ ၂၅-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အဖြစ်လည်းကောင်း၊

(၁၉) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၃-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၂၀) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေသည် ၂၃-၇-၂၀၁၂ ရ က်နေ့မှ ၂၄-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း အသီးသီးတင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များကို ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းအား ယခုဆောင်ရွက်နေသည်ထက် တိုးမြှင့်ဆောင်ရွက် ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဌေးလွင်(နမ့်စန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အရှေ့အလယ် ပိုင်း၊ နမ့်စန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြို့နယ်ပြည်သူလူထုရဲ့ဆန္ဒအရ မြို့နယ်အတွင်းမှာရှိတဲ့လမ်းမကြီးများကို နှစ်ဖက် ပလက်ဖောင်း အပြည့် မြို့အင်္ဂါရပ်များနှင့်အညီ အဆင့်တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး တော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ နမ့်စန်မြို့နယ်ဟာ ယခင်ကနှင့်မတူဘဲနှင့် ယခုအခါမှာ အင်မတန်တိုးတက်လျက်ရှိပါတယ်။ မြို့မှာဆိုလို့ရှိရင် တိုင်းစစ်ဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်၊ တပ်ရင်းတပ်ဖွဲ့လည်း များစွာရှိပါတယ်။ ငြိမ်းချမ်းရေးအဖွဲ့အစည်းများလည်း များစွာရှိပါတယ်။ သစ်ထုတ်လုပ်တဲ့ သစ်ကုမ္ပဏီကြီးတွေ၊ သတ္တုထုတ်လုပ်တဲ့ သတ္တုကုမ္ပဏီကြီးတွေလည်း များစွာတည်ရှိပါတယ်။ မြို့နယ်ရဲ့ ဒေသထွက်ကုန်တွေဟာဆိုရင်လည်း ရာသီသီးနှံအကုန် ထွက်ရှိနေတဲ့အတွက် စီးပွားရေးအချက်အချာကျတဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ နမ့်စန်မြို့နယ်ကနေ အခြားမြို့နယ်များကို ပြေးဆွဲနေတဲ့ ယာဉ်ငယ်လိုင်းဟာဆိုရင် ၇ လိုင်းရှိပါတယ်။ မှန်လုံလိုင်းက ၃ လိုင်းရှိပါတယ်။ 4 wheels လိုင်း က ၂ လိုင်းရှိပါတယ်။ ကုန်တင်ကားကြီးလိုင်းက ၂ လိုင်းရှိပါတယ်။ မြို့တွင်းမှာ ဆိုလို့ရှိရင် စန်လော့ ဆိုင်ကယ် Taxi လိုင်း ၄ လိုင်းနှင့် ပြေးဆွဲလျက်ရှိတဲ့အတွက်ကြောင့် ယာဉ်များနှင့် လူထုဟာဆိုလို့ရှိရင် စည်ကားပြီးတော့မှ ရှုပ်ထွေးလျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ နမ့်စန်မြို့နယ် မြို့တွင်းပိုင်းမှာရှိတဲ့ လမ်းမကြီးတွေကို နှစ်ဖက်ပလက်ဖောင်းအပြည့် မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ပေးဖို့ လိုအပ်လျက်ရှိနေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် နေမင်းအောင်ကုမ္ပဏီတို့က ဆောက်လုပ်လျက်ရှိတဲ့ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးအပိုင်းမှာ မိုင်တိုင်အမှတ် ၁၈၇ မှ ၁၉၀ အထိ မြို့တွင်းပြည်ထောင်စု လမ်းမကြီး ၃ မိုင်နှင့် ပြည်သူ့ဆောက်လုပ်ရေးက ဆောင်ရွက်နေတဲ့ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် လမ်းမကြီးအပိုင်းမှ မိုင်တိုင်အမှတ် ၀/၀ မှ မိုင်တိုင်အမှတ် ၂/၀ အထိ မြို့တွင်းလမ်းမကြီး ၂ မိုင်၊ စုစုပေါင်း မြို့တွင်းလမ်းမကြီး ၅ မိုင်အပေါ်မှာ လမ်းမကြီးအလယ်ကနေပြီးတော့ ၁၈ ပေလမ်း ထပ်ပိုးလွှာခင်းထားတဲ့အတွက် လမ်းမကြီးအလယ်ဟာ မြင့်နေပြီးတော့ လမ်းတစ်ဖက်တစ်ချက်မှာ လမ်းအထစ်များဖြစ်ပြီးတော့ နိမ့်ဆင်းနေတဲ့အတွက် မလိုလားအပ်ဘဲ မတော်တဆထိခိုက်မှုတွေ၊ ဆိုင်ကယ်တိမ်းမှောက်မှုတွေ မကြာခဏဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် အများပြည်သူတို့ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် နမ့်စန်မြို့တွင်းမှာရှိတဲ့ မြို့တွင်းလမ်းမကြီး ပြည်ထောင်စုလမ်းမကြီး ၅ မိုင်ကို နှစ်ဖက်ပလက်ဖောင်းအပြည့် မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ သော်လည်းကောင်း၊ ဆောက်လုပ်ရေးကုမ္ပဏီများနှင့် ညှိနှိုင်း၍သော်လည်းကောင်း ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိနှင့်ပတ်သက်ပြီး အစီအစဉ်ရှိခဲ့မယ်ဆိုရင်လည်း မည်သည့်အချိန်မှာ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ၍ လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရှမ်းပြည်နယ် (အရှေ့ အလယ်ပိုင်း)၊ နမ့်စန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်က မေးမြန်းထားတဲ့ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း မိုင် ၁၈၇/၀ မှာနေ ၁၉၀/၀ ထိ ၃/၀ မိုင်နှင့် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းအပိုင်းမှ မိုင် ၀/၀ မှ ၂/၀ ထိ ၂/၀ မိုင် စုစုပေါင်း ၅/၀ မိုင် အား ယခုဆောင်ရွက်နေသည်ထက် တိုးမြှင့်ပြီးတော့ ထပ်ပိုးလွှာခင်းသည့်အပိုင်း ၁၈ ပေအကျယ် သာမက နှစ်ဖက်ပလက်ဖောင်းအထိ မြို့အင်္ဂါရပ်နှင့်အညီ အပြည့်ခင်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်အား သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အလယ်ပိုင်း၊ နမ့်စန်မြို့နယ်အတွင်းမှာရှိတဲ့ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းရဲ့ မိုင် ၁၈၇/၀ ကနေ ၁၈၉/၀ အထိ ၂ မိုင်ကို နေမင်းရောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကနေပြီးတော့ BOT စနစ်နှင့် ဆောင်ရွက်လျက်ရှိပါတယ်။ မိုင် ၁၈၉/၀ မှ ၁၉၀/၀ ထိ ၁ မိုင်ကိုတော့ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိလမ်းအခြေအနေကတော့ ဒီလမ်းဟာ ကတ္တရာလမ်းအမျိုးအစားဖြစ်ပါတယ်။ ဒီတော့ BOT လမ်းအဖြစ်ဆောင်ရွက်နေတဲ့ ၂ မိုင်ကိုတော့ နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပလက်ဖောင်းအထိ ဆောင်ရွက်သွားရန် ညွှန်ကြားထားပြီး ဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်တဲ့ မိုင် ၁၈၉/၀နဲ့ ၁၉၀/၀ အထိ ၁ မိုင် ကတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနှင့် ကတ္တရာလမ်း ပျက်စီးမှုအပိုင်းတွေကို ကျောက်ဖြည့်ခင်းကြိတ်ပြီးတော့ ကတ္တရာလောင်းဖာထေးခြင်း ဆောင်ရွက်ခဲ့ပါ တယ်။ ယခုနှစ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာတော့ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်

ပြည်ထောင်စုလမ်းမကြီးအတွက် ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်းပေါင်း ၆၁၁၄ သန်း ရရှိထားပါတယ်။ ဒါကြောင့်မို့လို့ ရရှိထားတဲ့ ငွေကနေပြီးတော့ တာဝန်ယူတဲ့ ၁၈၉ ကနေ ၁၉၀ ထိ ၁ မိုင်အား ၁၂ ပေအကျယ်ကနေ ၁၈ ပေအကျယ်အထိ ကတ္တရာလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယလမ်းဖြစ်တဲ့ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် လမ်းရဲ့ မိုင် ၀/၀ ကနေ ၂/၀ ထိ ၂ မိုင်မှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်တဲ့အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းကတော့ နမ့်စန်မြို့ကနေပြီးတော့ မိုးနဲမြို့ဘက်ကိုထွက်တဲ့လမ်းအပိုင်း ဖြစ်ပြီးတော့ မြို့တွင်းမှာပဲ ကျရောက်နေတာဖြစ်ပြီး လမ်းအကျယ်ဟာ ၁၂ ပေအကျယ်ကတ္တရာလမ်း အမျိုးအစားဖြစ်ပါတယ်။ အဆိုပါ လမ်းအပိုင်း ၂ မိုင်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကျပ် ၂၃၈.၅ သိန်းနှင့် ကတ္တရာလမ်းကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်စန်မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင် တင်ပြထားတဲ့အတိုင်း ပထမလမ်းဖြစ်တဲ့ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းရဲ့ မိုင် ၁၈၇/၀ မှ ၁၈၉/၀ ထိ ၂ မိုင်အပိုင်းကို နေမင်းရောင်ဆောက်လုပ် ရေးကုမ္ပဏီလီမိတက်မှ BOT စနစ်ဖြင့် ၁၈ ပေအကျယ် ဆောင်ရွက်ပြီးဖြစ်တာကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ နှစ်ဖက်ပလက်ဖောင်းအထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှလည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရရှိထားတဲ့ ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေ နှစ်ရပ်ပေါင်းပြီးတော့ ၁၈၉/၀ ကနေ ၁၉၀/၀ ထိ ၁ မိုင်ကို ဆောင်ရွက်သွားမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ဒုတိယလမ်းဖြစ်တဲ့ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းအတွက်ကိုတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကျပ်သိန်းပေါင်း ၂၃၈.၅ သိန်းရရှိထားတာကြောင့် မိုင် ၀/၀ ကနေ ၂/၀ အထိ ၂ မိုင်ကိုလည်း ကတ္တရာလမ်း ကောင်းမွန်အောင် ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ကတ္တရာလမ်းကို ၁၈ ပေ အကျယ် တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်သွားနိုင်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေများ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တောင်ပေါ်ဒေသကျေးရွာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုံလောက်အောင် စီမံပေးနိုင်မည့် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ သာစည် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာစည် မြို့နယ်အတွင်းရှိ ဝေးလံခေါင်ပါးပြီးလမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်တောင်ပေါ်ဒေသကျေးရွာများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုံလောက်အောင်စီမံပေးနိုင်မည့် အစီအစဉ်ရှိ၊ မရှိကိုသိလို ကြောင်းမေးမြန်းမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်မှာ မြို့ပေါ်ရပ်ကွက် ၇ ခုနှင့် ကျေးရွာအုပ်စု ၈၀ ရှိပြီး ကျေးရွာအုပ်စု ၁၀ စုဟာ ရှမ်းပြည်တောင်ပိုင်းနဲ့ထိစပ်နေတဲ့တောင်ပေါ်ဒေသများဖြစ်ပါတယ်။ အဆိုပါ တောင်ပေါ်ဒေသများ အနက် သဲပွတ်ကျေးရွာအုပ်စု၊ ဝါးရွက်ကျေးရွာအုပ်စု၊ ကျွဲတက်ကျေးရွာအုပ်စုများဟာ ရှမ်းပြည်နယ် ကလောမြို့နယ်၊ အောင်ပန်းမြို့နယ်မှတစ်ဆင့် ပင်းတယ-ရွာငံလမ်းအတိုင်းဝေးလံခက်ခဲစွာသွားရပါ တယ်။ တစ်ရွာနှင့် တစ်ရွာဆက်သွယ်ရာမှာ တောင်ဆင်းတောင်တက်ခြေလျင်ခရီးဖြင့်သာသွားလာကြရ ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲကြမ်းတမ်းတဲ့အတွက် ဆေးရုံ၊ ဆေးခန်းကိုအချိန်မီသွားရောက်ကုသ နိုင်ဖို့အခက်အခဲများဖြစ်နေပါတယ်။ အဆိုပါဒေသများအနက် ငှက်ပျောတောကျေးရွာ၌ကျေးလက် ကျန်းမာရေးဌာနခွဲတစ်ခုသာရှိသဖြင့် ဒေသခံပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုမလုံလောက် ဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ သာစည်မြို့နယ်အတွင်းရှိ ဝေးလံခေါင်းပါးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်တောင်ပေါ်ဒေသကျေးရွာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုံလောက်အောင်စီမံ ပေးနိုင်မည့်အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါကဆောင်ရွက်ပေးမည့်အချိန်ကာလအားသိရှိလိုပါ ကြောင်း ဒေသခံပြည်သူများ၏ကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြတ်မြတ်အုန်းခင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထား

သောဇည်သည်တော်များ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်ဖြစ်ပါတယ်ရှင်။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၏ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ ဝေးလံခေါင်းပါးပြီးလမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့တောင်ပေါ်ဒေသကျေးရွာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုံလောက်အောင်စီမံပေးနိုင်မှုအစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ သာစည်မြို့နယ်အတွင်း ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ညောင်ရမ်းတိုက်နယ်ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ ယင်းမာပင်တိုက်နယ်ဆေးရုံတစ်ရုံ၊ စုစုပေါင်းဆေးရုံသုံးရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ၇ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၈ ခုဖွင့်လှစ်ထားရှိပြီးတော့ ကျေးလက်ဒေသမှာရှိတဲ့ ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ ဝေးလံခေါင်းပါးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ တောင်ပေါ်ဒေသကျေးရွာများအတွက် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးစေလိုပါက ကျေးလက်ကျန်းမာရေးဌာန သို့မဟုတ် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်ဖွင့်လှစ်လိုသည့် ကျေးရွာအမည်အားတိကျစွာဖော်ပြလျက် သက်ဆိုင်ရာ မြို့နယ်၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနများမှတစ်ဆင့် ထောက်ခံတင်ပြလာပါက အသစ်ထပ်မံဖွင့်လှစ်ခွင့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဆေးတက္ကသိုလ် ၄ ခုသို့ ကျောင်းသားကျောင်းသူ ဝင်ခွင့်ဦးရေကို သုံးသပ်ပြောင်းလဲရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းဖြစ်ပါတယ်။ ကျွန်တော် အခုမေးမယ့်မေးခွန်းဟာ လွန်ခဲ့သော ၂ လကျော်က ပေးပို့ထားတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ယခုအခါမှာ အဖြေထွက်ရှိပြီးဖြစ်ပါတယ်။ ဒါပေမယ့် အခုထွက်ရှိတဲ့ အဖြေဟာ တရားဝင်ထုတ်ပြန်ရခြင်းမရှိသေးတဲ့အတွက် ကျွန်တော်ဒီမေးခွန်းကို ဆက်လက်မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်ဆိုပြီးတော့ ဆေးတက္ကသိုလ်ကြီး ၄ ခုရှိ

ပါတယ်။ အဲဒီ ဆေးတက္ကသိုလ်ကြီး ၄ ခုမှာ တစ်နှစ်လျှင် ကျောင်းသူကျောင်းသား ဝင်ခွင့်ဦးရေ ၂၄၀၀ ခန့် လက်ခံတာဖြစ်ပါတယ်။ အဲဒီ ဆေးတက္ကသိုလ်များက ဒီဆေးတက္ကသိုလ် ၄ ခုက ဘွဲ့ရပြီး ဆရာဝန်များကို နိုင်ငံတော်အနေနဲ့ တာဝန်ယူအလုပ်ခန့်ထားနိုင်မှု ရာခိုင်နှုန်းနည်းပါးတာကိုတွေ့ရပါတယ်။ ဘွဲ့ရဆရာဝန်များအနေနဲ့ အလုပ်ရရှိမှုအတွက်နှစ်ရှည်လများစောင့်ဆိုင်းနေရပြီးတော့ နစ်နာမှုများရှိနေပါသဖြင့် ဒီဆေးတက္ကသိုလ် ၄ ခုဝင်ခွင့်ကျောင်းသားကျောင်းသူဦးရေ ဝင်ခွင့်ကိုပြန်လည်သုံးသပ်ပြီး သုံးသပ်ပြောင်းလဲရန်အစီအစဉ်ရှိ၊ မရှိသိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြတ်မြတ်အုန်းခင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းမှ နိုင်ငံတော်တွင် ရန်ကုန်ဆေးတက္ကသိုလ်(၁)နှင့် (၂)၊ မန္တလေးဆေးတက္ကသိုလ် နှင့် မကွေးဆေးတက္ကသိုလ် ၄ ခုသို့ ကျောင်းသားကျောင်းသူဝင်ခွင့်ဦးရေကို သုံးသပ်ပြောင်းလဲရန်မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ မြန်မာ့ကျန်းမာရေးဆိုင်ရာမျှော်မှန်းချက် နှစ် ၃၀ နှစ်ရှည်စီမံကိန်းနှင့် အမျိုးသားပညာရည်မြင့်မားရေးအထူး ၄ နှစ်စီမံကိန်း ကျန်းမာရေးကဏ္ဍတို့အရ နိုင်ငံတော်အတွက် လိုအပ်သောဆရာဝန်များရရှိရန် ယခင်ကကျောင်းသား၊ ကျောင်းသူဦးရေစုစုပေါင်း ၅၅၀ ဦးလက်ခံရာမှ ၂၀၀၁ ခုနှစ်မှစ၍ ၂၀၁၁ ခုနှစ်အထိ နှစ်စဉ် ၂၄၀၀ ဦးသို့တိုးမြှင့်လက်ခံခဲ့ပါတယ်။ ထိုသို့တိုးမြှင့်လက်ခံသင်ကြားရ၍ သင်ကြားရေးဆရာ၊ဆရာမများအခက်အခဲနှင့် လူနာရရှိရေးအခက်အခဲများရှိနေပြီး မွေးထုတ်လိုက်သော ဆရာဝန်များ၏ အရည်အသွေးပြည့်မီရန်လိုအပ်ပါသဖြင့် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဆေးသိပ္ပံပညာဦးစီးဌာနအောက်မှာရှိသော တက္ကသိုလ်များမှ ပါမောက္ခချုပ်များ ညှိနှိုင်းအစည်းအဝေးပွဲများတွင် အကြိမ်ကြိမ် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှာ ကျင်းပပြုလုပ်ခဲ့သော နဝမ အကြိမ် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲမှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ပြုလက်ခံသည့် ကျောင်းသားကျောင်းသူဦးရေကို ၂၄၀၀ ဦးမှ ၁၂၀၀ ဦးသို့ ကျောင်းသားကျောင်းသူ အချိုးတူညီစွာဖြင့် လျှော့ချလက်ခံသင့်ပါကြောင်းနှင့် ဆေးတက္ကသိုလ်များ၏ သင်တန်းကာလကိုလည်း စုစုပေါင်း ၆ နှစ်မှ ၇ နှစ်သို့ တိုးမြှင့်သင်ကြားသင့်ပါကြောင်း ဆွေးနွေး သဘောတူခဲ့ကြပါတယ်။ ၎င်းအပြင် ၂၆-၁၁-၂၀၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကျန်းမာရေး ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် (၁၄/၂၀၁၁) မှလည်း ထောက်ခံသဘော တူညီခဲ့သဖြင့် နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ရာ ၂၄-၂-၂၀၁၂ ရက်နေ့တွင် သဘောတူခွင့်ပြုခဲ့ ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုပါသဘောတူညီချက်များအား ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နှင့် ၂၈ ရက်နေ့များတွင် ကျင်းပပြုလုပ်တဲ့ တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီနှင့် တက္ကသိုလ်များ ဗဟိုကောင်စီအစည်းအဝေး (၁/၂၀၁၂) သို့ တင်ပြအတည်ပြုချက်ရယူခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဆက်လက်၍ ၂၆-၄-၂၀၁၂ ရက်နေ့မှာ ကျင်းပ ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၁၂) သို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ပြုကျောင်းသား၊ ကျောင်းသူဦးရေ လျှော့ချပြီး ၁၂၀၀ ဦးခေါ်ယူရန် ကျောင်းသား ကျောင်းသူ အချိုးတူခေါ်ယူရန်နှင့် သင်တန်းကာလ တိုးမြှင့်ပြီး ၇ နှစ် သတ်မှတ်နိုင်ရန်အတွက် တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူညီခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များသို့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ကျောင်းသားကျောင်းသူ အချိုးတူညီစွာဖြင့် ကျောင်းသားကျောင်းသူ ၁၂၀၀ ဦးအား ဝင်ခွင့်ပြု လက်ခံနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့နှင့် ညှိနှိုင်းအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

## ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်၏ တောင်သူလယ်သမားများ အများဆုံး ကြုံတွေ့နေရသည့် မြွေကိုက်ခံရခြင်းအတွက် လိုအပ်သည့် မြွေဆိပ်ဖြေဆေးများကို နိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။အစီအစဥ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ဆဋ္ဌမနေ့မှာ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း တင်သွင်းထားတဲ့ တောင်သူလယ်သမားများအများဆုံးကြုံတွေ့နေရတဲ့ မြွေကိုက်ခံရခြင်းအတွက်လိုအပ်သည့် မြွေဆိပ်ဖြေဆေးများကို နိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာထုတ်လုပ်ဖြန့်ဖြူးပေးရန်အဆိုနှင့်စပ်လျဥ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်ငါးဦးတို့က အမည်စာရင်းပေးထားပါတယ်။ ဦးစွာ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုးအားဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးဖြစ်ပါတယ်။ ကျွန်တော် ထောက်ခံတင်ပြဆွေးနွေးလိုတဲ့အကြောင်းအရာကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း တင်သွင်းသည့် တောင်သူလယ်သမားများအများဆုံးကြုံတွေ့နေရတဲ့ မြွေကိုက်ခံရခြင်းအတွက် လိုအပ်သည့်မြွေဆိပ်ဖြေဆေးများကို နိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာထုတ်လုပ်ဖြန့်ဖြူးပေးရန်အဆိုနှင့်ပတ်သက်၍ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြွေကိုက်ခံရမှုဖြစ်ခြင်းမှာ ကျွန်တော်တို့အညာဒေသပူပြင်းခြောက်သွေ့သောနေရာများမှာ အများဆုံးဖြစ်ပါတယ်။ မြွေကိုက်ခံရသူများမှာ တစ်နေ့လုပ်မှတစ်နေ့လုပ်ခရသော အလုပ်သမား၊ လယ်သမား နွမ်းပါးသူများဖြစ်ပါတယ်။ မြွေကိုက်ပြီဆိုလျှင်ခိုကိုးရာမဲ့ဖြစ်ပြီး ဆေးရုံရောက်တဲ့အခါမှာ ချက်ချင်းလျှင်မြန်စွာအချိန်မီမြွေဆိပ်ဖြေဆေးထိုးရန်လိုအပ်ပါတယ်။ ဒါပေမယ့် ဆေးရုံမှာမြွေဆိပ်ဖြေဆေးမည်မျှရှိ၍ မည်သည့်အရေအတွက်ခွင့်ပြုထားသည်ကိုမသိရ၍ ပြင်ပဆေးဆိုင်များမှဝယ်ယူကုသရပါတယ်။ ပြင်ပဆေးဆိုင်များမှဝယ်လျှင် နိုင်ငံတော်ပိုင်စက်ရုံများမှထုတ်လုပ်သောဆေးတစ်လုံးလျှင် ၈၀၀၀၀ နှင့် အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သောဆေးတစ်လုံးလျှင် ၁၅၀၀၀ ကျပ်ဝယ်ယူရပါတယ်။ ဒါပေမယ့် ချက်ချင်းလက်ငင်းဝယ်ယူရန်ငွေမရှိလျှင် ထိုလူနာအဖို့သေရုံသာရှိပါတယ်။ ဒီလိုအခက်အခဲများကိုကျော်လွှားနိုင်ရန်

အတွက် ကျွန်တော်တို့မြို့နယ်မှာ ကျွန်တော်ကိုယ်တိုင် ဒုတိယဥက္ကဋ္ဌတာဝန်ယူပြီး ၂၀၁၀ ခုနှစ်တွင် မြွေဆိပ်ဖြေဆေးဖောင်ဒေးရှင်းကို မြို့နယ်သူမြို့နယ်သားရဟန်းသံဃာများ၏လှူဒါန်းငွေဖြင့် ထူထောင်ပြီး ယနေ့အထိမြွေကိုက်ခံရသူလူနာပေါင်း ၅၉ ဦးကို မြွေဆိပ်ဖြေဆေး ၂၁၅ လုံးဖြင့် ကူညီပံ့ပိုးကုသခဲ့ပါတယ်။ ကျွန်တော်တို့မှာ နိုင်ငံတော်ပိုင်စက်ရုံမှ ဆေးဝါးများဝယ်ယူရန်လျှောက်ထားခဲ့သော်လည်း ၂ နှစ်အတွင်းအလုံးရေ ၂၀ သာရောင်းချပေးခဲ့၍ ပြင်ပမှအိန္ဒိယဆေးများကိုမပြတ်လပ်အောင်ဝယ်ယူထိန်းသိမ်းသိုလှောင်ခဲ့ရပါတယ်။ ပြင်ပမှဝယ်ယူသောဆေးများမှာ နိုင်ငံပိုင်စက်ရုံများမှဆေးများလောက်အာနိသင်မရှိတဲ့အတွက် နှစ်ဆသုံးခဲ့ရပါတယ်။ ကျွန်တော်တို့မြို့နယ်ဆေးရုံတွင် မြွေဆိပ်ဖြေဆေးမည်မျှထုတ်ယူရရှိပြီး မည်သို့အသုံးပြုနေသည်ကိုယနေ့အထိ တိကျပြတ်သားသည့်အဖြေမရှိပါ။ အထက်မှချပေးထားသော်လည်း လိုအပ်သည့်အခါမရရှိပါ။ ကျန်းမာရေးဌာန၏လုပ်ဆောင်မှုနည်းလမ်းများ အများပြည်သူသိရှိရန်လိုအပ်ပါတယ်။ ဒါ့အပြင် နောက်ထပ်ထုတ်ပေးလျှင်လည်း အသိပေးရန်လိုအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နောက်ဆုံးတင်ပြချင်တာကတော့ မြွေဆိပ်ဖြေဆေးများသည် နိုင်ငံတော်မှကူညီပံ့ပိုးပေးလျှင်လည်း မြို့နယ်ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဌာနဝန်ထမ်းများအနေဖြင့် ဖြောင့်မတ်စွာ အသုံးချပေးရန်လိုအပ်ပါတယ်။ ကျွန်တော်တို့မြို့နယ်ရှိ မြွေဆိပ်ဖြေဆေးဖောင်ဒေးရှင်းကဲ့သို့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များအား မြွေဆိပ်ဖြေဆေးရောင်းချပေးပါရန်နှင့် အများပြည်သူကို တိုက်ရိုက်စောင့်ရှောက်မှု အမြန်ဆုံးပြုလုပ်ပေးနိုင်သော အဖွဲ့အစည်းများအား ကူညီပံ့ပိုးပေးရန် တင်ပြအပ်ပါတယ်။ ဒါ့ကြောင့် ဦးအောင်သိန်းလင်း တောင်ဥက္ကလာပမဲဆန္ဒနယ်မှတင်သွင်းသော တောင်သူလယ်သမားများ အများဆုံးကြုံတွေ့နေရသည့် မြွေကိုက်ခံရခြင်းအတွက် လိုအပ်သည့် မြွေဆိပ်ဖြေဆေးများကို နိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာထုတ်လုပ်ပေးရန်အဆိုကို အလေးအနက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ကြပါစေလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း တင်သွင်းထားတဲ့ တောင်သူလယ်သမားများအများဆုံးကြုံတွေ့နေရတဲ့ မြွေကိုက်ခံရခြင်းအတွက် လိုအပ်သည့်မြွေဆိပ်ဖြေဆေးများကို နိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာထုတ်လုပ် ဖြန့်ဖြူးပေးပါရန်ဆိုတဲ့ အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ မူလအဆိုရှင်အနေနဲ့ မြန်မာနိုင်ငံမှာ မြွေဆိပ်ဖြေဆေးမလုံလောက်မှုကြောင့် မြွေကိုက်ခံရလို့ သေဆုံးတဲ့ဦးရေတိုးတက်လာတဲ့အကြောင်း၊ မြွေကိုက်ခံရနှုန်း အထူးတလည်တိုးတက်ခြင်း မရှိသော်လည်း သေဆုံးမှုနှုန်းတိုးတက်လာတဲ့အကြောင်း၊ မြွေဆိပ်ဖြေဆေးကို နိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံက လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးသင့်ကြောင်း သုံးသပ်တင်ပြထားတာကို သတိပြုမိပါတယ်။ ဒီအချက်နှင့်ပတ်သက်ပြီး ကျွန်မအနေနဲ့လည်း ဖြည့်စွက်ပြီးတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မြွေကိုက်ခံခြင်းကြောင့် အသက်ဆုံးရှုံးရတဲ့လူ အများစုဟာ ကျွန်မတို့နိုင်ငံရဲ့အဓိကအားထားနေရတဲ့ ကျေးလက်နေတောင်သူလယ်သမားများဖြစ်နေ ကြပါတယ်။ လယ်သမားများနှင့် လယ်လုပ်သားများအတွက် စပါးရိတ်သိမ်းချိန်များ၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသအတွက်ယာသမားများရဲ့ အထူးသဖြင့်မြေပဲနုတ်ချိန်များမှာ မြွေကိုက်ခံရနှုန်းအများဆုံးဖြစ်လေ့ရှိတာ စာရင်းဇယားအရ သိရပါတယ်။ ဆေးရုံ၊ ဆေးခန်းအထိ ရောက်ရှိပြီးမှ သေဆုံးကြရတဲ့ လူနာများအရေအတွက်ကိုသာ စာရင်းဇယားကောက်ယူနိုင်တဲ့အတွက် သေနှုန်းမြင့်မားလာတာ သိသာမြင်သာရှိပါတယ်။ ဒါ့ထက်ပိုပြီး လမ်းပန်းခရီးဝေးလံခက်ခဲခြင်း၊ လူနာကိုသယ်ယူတဲ့စနစ်မမှန်ကန်ခြင်း၊ စနစ်ကျတဲ့ရှေးဦးသူနာပြုနည်း၊ အကြားအမြင်နည်းပါးခြင်း၊ မိရိုးဖလာကုသနည်းများဖြင့် ကုသခြင်းတို့ကြောင့် စာရင်းမဝင်ဘဲသေဆုံးကြရရှာတဲ့ ကျေးလက်နေ တောင်သူလယ်သမားတို့ရဲ့ အရေအတွက်ကိုပါ မှန်းဆတွက်ချက်မယ်ဆိုရင် အလွန်စိုးရိမ်စရာကောင်းတဲ့ မျက်ကွယ်ပြုမထားထိုက်တဲ့ အရေးကြီးကိစ္စဖြစ်တဲ့အကြောင်း အလေးအနက်ထား ဆွေးနွေးတင်ပြလိုပါတယ်။ ဒီနေရာမှာ အဆိုရှင် တင်ပြထားတဲ့အတိုင်း မြွေဆိပ်ဖြေဆေး လုံလောက်အောင် ထုတ်လုပ်ပေးထားနိုင်ခြင်းမရှိတာဟာ အဓိကအကြောင်းဖြစ်တာကို သိမြင်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ ဘာကြောင့် ဒီလိုဖြစ်ရသလဲ။ ဘယ်လိုတွေ ထိခိုက်နစ်နာဆုံးရှုံးမှုတွေရှိသလဲ။ ဘယ်လိုကျော်လွှားသင့်သလဲဆိုတဲ့အချက်တွေပေါ်မှာအခြေပြုပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ လွန်ခဲ့တဲ့နှစ် ၄၀ ခန့်က BPI ကထုတ်လုပ်ခဲ့တဲ့ ကမ္ဘာ့စံချိန်မီ မြွေဆိပ်ဖြေဆေးအာနိသင်နှင့် ဒီကနေ့ MPF ကထုတ်လုပ်ခဲ့တဲ့ မြွေဆိပ်ဖြေဆေးအရည်အသွေး

အာနိသင်ဟာ ထက်ဝက်ကျဆင်းသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနကထုတ်ဝေတဲ့ မြွေကိုက်လူနာများလမ်းညွှန်မှာ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ Formula တစ်ခုတည်းက ထုတ်လုပ်တဲ့ဆေးရဲ့ အာနိသင်ကျဆင်းသွားတဲ့အကြောင်းအရင်းတွေဟာ မြွေဆိပ်ဖြေဆေးထုတ်လုပ်တဲ့ စက်ကိရိယာတွေ ခေတ်မမီတော့ခြင်း၊ ဒီစက်တွေကို ကိုင်တွယ်တဲ့ ကျွမ်းကျင်ပညာရှင်တွေလိုအပ်ခြင်း၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်တဲ့အဆင့်တိုင်းမှာ လုပ်သက်ရင့် ကျွမ်းကျင်ပညာရှင်များလိုအပ်နေတာတွေ အပြင် မြွေဆိပ်ထုတ်လုပ်ရေးဌာနအကြီးအကဲသည် လုပ်ငန်းစဥ်တစ်ခုလုံးကို သိနားလည်တဲ့ပုဂ္ဂိုလ် ဖြစ်ရေးဟာလည်း အရေးပါတဲ့အရေးကြီးလိုအပ်ချက် ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ အရင်ကမြွေဆိပ်ဖြေဆေးထုတ်လုပ်တဲ့နေရာမှာ Australia ကတင်သွင်းတဲ့စံချိန်မီမြင်းများ မြွေဆိပ်ခံနိုင်ရည်ရှိတဲ့ စံချိန်မီ မြင်းများရဲ့သွေးများက ထုတ်ယူတာ ဖြစ်ပါတယ်။ ယခုအခါမှာ မြင်းမွေးမြူရေးစရိတ်ကြီးမားတာ၊ ဓာတုပစ္စည်းများဈေးကြီးတာဆိုတာ တွေကြောင့် အရှုံးခံထုတ်နေရတယ်ဆိုတဲ့ အကြောင်းပြချက်တွေနှင့် အခြားငွေကုန်ကြေးကျသက်သာ တဲ့နည်းတွေ အစားထိုးစမ်းသပ်ထုတ်လုပ်ကြောင်း ကြားသိရပါတယ်။ စီးပွားရေးတွက်ချက်မှုနှင့် ကြက်ဥက မြွေဆိပ်ဖြေဆေးစမ်းသပ်ထုတ်လုပ်ခဲ့သော်လည်း အာနိသင်အနေနဲ့ မြင်းကထုတ်လုပ်တဲ့ မြွေဆိပ်ဖြေဆေးရဲ့ ထက်ဝက်ခန့်သာရှိပြီး ဘေးထွက်ဆိုးကျိုးများကြောင့် လက်တွေ့ကုသရာမှာ အကျိုးမရှိလှကြောင်း ကြားသိနေရပါတယ်။ ထိုင်းနိုင်ငံက တင်သွင်းလာတဲ့ မြွေဆိပ်ဖြေဆေးများရဲ့ အာနိသင်ကလည်း MPF ထုတ်တဲ့ဖြေဆေးရဲ့တစ်ဝက်သာရှိလို့ ဆေးနှစ်ဆအသုံးပြုနေရပါတယ်။ လူနာတစ်ယောက်ရဲ့အသက်ကို ကယ်နိုင်ဖို့ မြွေဆိပ်ဖြေဆေးအနည်းဆုံး ၂ လုံးက ၄ လုံးအထိ အသုံးပြု ကြရပါတယ်။ ပြင်ပဈေးနှုန်းမှာ ဖြေဆေးတစ်လုံးကို သိန်းကျော်ပေးရတဲ့အပြင် လွယ်လွယ်ကူကူ ဝယ်ယူ၍မရလည်း ဖြစ်နေပါတယ်။ ဒီနေရာမှာ နိုင်ငံတော်အနေနဲ့ ဘတ်ဂျက်ကို တိုးမြှင့်သုံးစွဲဖို့ လိုပါတယ်။ ဈေးတွက်နဲ့ အရှုံးအမြတ်တွက်ချက်ပြီး လူ့အသက်နဲ့ပေးဆပ်နေရတဲ့အဖြစ်ဟာ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ပါတယ်။ ယခုအခါ မြို့နယ်အဆင့်ဆေးရုံတွေမှာပင် မြွေဆိပ်ဖြေဆေး ၅ လုံးမှ ၁၀ လုံးထက်ပိုမရှိတဲ့အတွက် လူနာကိုယ်တိုင်မြို့နယ်ဆေးရုံရောက်ပြီးမှ အပြင်ကဆေးရှာဝယ်နေရတဲ့ အတွက် အသက်ဆုံးရှုံးမှုတွေရှိနေကြရတာလည်း မြင်တွေ့သိနေကြရပါတယ်။ မြွေကိုက်ခံရတဲ့အချိန် ကစပြီး ၄ နာရီအတွင်း ဖြေဆေးထိုးပေးနိုင်မှသာ အသက်ရှင်နှုန်းများနိုင်ပါတယ်။ ဒါကြောင့် ကျေးလက်ကျန်းမာရေးဌာနအထိ မြွေဆိပ်ဖြေဆေးဖြန့်ဖြူးပေးနိုင်အောင် နိုင်ငံတော်အနေနဲ့ ဆောင်ရွက်ထားသင့်ပါတယ်။ ဒီကနေ့ အခြေအနေမှာ ကျေးလက်နေ တောင်သူလယ်သမားများမှာ

မြွေကိုက်ခံခဲ့ရလျှင်မြွေဆိပ်ဖြေဆေးဖိုးနှင့် နောက်ဆက်တွဲ သွေးအဆိပ်သင့်ရောဂါ၊ ကျောက်ကပ် အဆိပ်သင့်ရောဂါများပါ ကုသရတဲ့အတွက် အသက်ရှင်ခဲ့ရင် တောင်ကုန်ကျစရိတ် အနည်းဆုံး ၈ သိန်း မှ သိန်း ၂၀ အထိကုန်ကျရတဲ့အတွက် စီးပွားရေးနလန်ပြန်ထူဖို့ မလွယ်ကူတော့တဲ့ ဒုက္ခနဲ့ရင်ဆိုင် ကြရပါတော့တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံလိုပဲ မြွေကိုက်နှုန်းများပြီးသေဆုံးမှုများတဲ့ Nigeria မှာ ၂၀၀၇ ခုနှစ်ကမြွေဆိပ်ဖြေဆေးအသစ်စမ်းသပ်ထုတ်လုပ်ခဲ့ပြီး ၎င်းတို့ ပြည်တွင်းမှာ သုံးစွဲခဲ့တဲ့ နောက်ပိုင်းမှာမြွေကိုက်ခံရလို့သေဆုံးနှုန်း ၆၀ ရာခိုင်နှုန်းကနေ ၀.၆၃ ရာခိုင်နှုန်းကို လျော့ကျသွားတဲ့အတွက် သူတို့ရဲ့အောင်မြင်မှုကို WHO အဖွဲ့သို့ အစီရင်ခံစာပေးပို့နိုင်ခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း အလားတူသုတေသနလုပ်ငန်းတွေ ဆောင်ရွက် နိုင်တယ်လို့ယူဆပါတယ်။ ဒါ့အပြင် အထက်ကဆွေးနွေးခဲ့သလို လွန်ခဲ့တဲ့အနှစ် ၄၀ ကတည်းက ကမ္ဘာ့စံချိန်မီမြွေဆိပ်ဖြေဆေးထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ပါလျက်နဲ့ ဒီကနေ့လို အဖြစ်မျိုးရောက်နေတာဟာ စိတ်မချမ်းမြေ့စရာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဒီလို ဝမ်းနည်းဖွယ်ဖြစ်ရပ်ကို ကျော်လွှားနိုင်ဖို့ နိုင်ငံတော်အနေနဲ့ (၁) အဆင့်မီမြွေဆိပ်ဖြေဆေးထုတ်ယူရရှိတဲ့ စံချိန်မီမြင်းများ ပြန်လည်သွင်းယူ မွေးမြူထုတ်လုပ်ရေး (၂) ခေတ်မီစက်ကိရိယာများဖြည့်ဆည်းဆောင်ရွက်ရေး (၃) ခေတ်မီစက်ကိရိယာ များကိုအသုံးချမည့် ပညာရှင်ပုဂ္ဂိုလ်တွေကို ပြည်ပမှာအနည်းဆုံး ၆ လမှ ၁ နှစ်အထိ ခေတ်မီနည်းစနစ် တွေလေ့လာသင်ယူစေရေး (၄) နိုင်ငံတော်ရဲ့ဘတ်ဂျက်ကို တိုးပြီးဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံများကို လှူဒါန်းနေကြတဲ့ အလှူရှင်နိုင်ငံများရဲ့ ကူညီမှုရယူနိုင်အောင်စီစဉ်လို့ဖြစ်စေ၊ လုံလောက်တဲ့ မြွေဆိပ်ဖြေဆေးရရှိအောင် ဆောင်ရွက်ထားရေး (၅) ကျန်းမာရေးဌာနဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်း များ၊ တောင်သူလယ်သမားအဖွဲ့အစည်းများစတဲ့ အင်အားစုများအနေနဲ့ အခြေခံကျေးလက်နေ ပြည်သူများဆီအရောက် သိသင့်သိထိုက်တဲ့ ကျန်းမာရေးပညာပေးများ ရောက်ရှိစေအောင် ကူညီ ပံ့ပိုးရေးနှင့် အရေးအကြီးဆုံးနဲ့ လက်တွေ့အကျဆုံးအနေနဲ့ မြွေကိုက်မခံရအောင် ကြိုတင်ကာကွယ်တဲ့ အနေနဲ့ အရည်အသွေးကောင်းတဲ့ ရော်ဘာလက်အိတ်၊ ခြေအိတ်စတာတွေကို ဈေးနှုန်းသက်သက် သာသာနဲ့ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ ဝတ်ဆင်အသုံးပြုတဲ့ အလေ့အထရအောင် ပညာပေးခြင်းစတဲ့ နည်းလမ်းတို့ကို နိုင်ငံတော်အစိုးရအနေနဲ့ အရေးတယူဆောင်ရွက်ပေးသင့်ပါကြောင်း နိဂုံးချုပ် ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေဖြစ်ပါတယ်။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ တောင်သူလယ်သမားအများစု တွေ့ကြုံနေကြတဲ့ မြွေကိုက်ခံရခြင်းအတွက် လိုအပ်နေတဲ့မြွေဆိပ်ဖြေဆေးများကို နိုင်ငံပိုင်ဆေးဝါးစက်ရုံမှလုံလောက်စွာ ထုပ်လုပ်ဖြန့်ဖြူးပေးရေးအဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများဟာ တစ်နိုင်ငံလုံးဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဖြစ်ပြီးတော့ သူတို့နေထိုင်ကြတဲ့နေရာ အများစုဟာသွားရေးလာရေးအခက်အခဲဖြစ်တဲ့ ကျေးလက်ဒေသတွေမှာ နေထိုင်ကြတာများပါတယ်။ လုပ်ငန်းသဘာဝအရလည်း တောင်သူလယ်သမားဆိုတဲ့အတိုင်း တစ်နှစ်ပတ်လုံး နွေ၊ မိုး၊ ဆောင်း၊ သုံးရာသီလုံးမှာဆိုလို့ရှိရင် လယ်ယာနှင့်ဆက်စပ်ပြီးတော့ လုပ်ငန်းတွေ ဆောင်ရွက်နေကြရပါတယ်။ လယ်ယာဆိုတာကလည်း လယ်ထဲ၊ ယာထဲမှာဆိုရင် မိုးတွင်းဘက်ဆိုရင်စပါး၊ နွေဘက်ဆိုလို့ရှိရင်လည်း ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ အစရှိသဖြင့် အောက်ပြည်အောက်ရွာနှင့် အထက်ဗမာပြည် ဒေသခြင်းမတူသော်လည်းဘဲ သီးနှံစိုက်ပျိုးတာတွေက သဘာဝအရဒီလိုပဲဆောင်ရွက်နေကြပါတယ်။ အဲလိုဆောင်ရွက်တဲ့အခါမှာ စပါးပင်တွေ၊ သီးနှံပင်တွေ၊ အပင်တွေကြားထဲမှာ ထွန်ယက်တဲ့အခါမှာဖြစ်စေ၊ ကျန်တဲ့အချိန်မှာဖြစ်စေ အဲဒီ သတ္တဝါလေးတွေကို ဖမ်းယူစားသောက်တဲ့ မြွေတွေလည်းရှိပါတယ်။ အဆိပ်ရှိ၊ အဆိပ်မရှိတွေလည်းရှိကြပါတယ်။ အဆိပ်မရှိတဲ့မြွေ (ရေမြွေ၊မြက်လျှော) များက အသက်အန္တရာယ်မရှိပေမယ့် မြွေပွေး၊ မြွေဟောက်၊ ငန်းတော်ကြားစတဲ့ အဆိပ်ရှိမြွေများ အကိုက်ခံရရင်တော့ ကုသမှုအချိန်မီမခံရရင်အသက်ဆုံးရှုံးကြရပါတယ်။ ဒီနေရာမှာ အဆိုရှင်တွေကလည်း ကိန်းဂဏန်းတွေနှင့် ကမ္ဘာနှင့်ချီပြီးတော့ပြောသွားကြပါတယ်။ ရှေ့က သာစည်က ဦးသန်းစိုးကလည်း ဖောင်ဒေးရှင်းတည်ထောင်ပြီးတော့ ဆောင်ရွက်သွားတာ အားရဖွယ်ကြားရပါတယ်။ နောက်တစ်ခါ ဒေါက်တာမေဝင်းမြင့်ကလည်း ပညာရှင်အနေနှင့် ပြောတာတော်တော်လေး ကောင်းပါတယ်။ ကျွန်တော့်အနေနှင့်ကတော့ သာဓကအားဖြင့် အနီးစပ်ဆုံးပြောရမယ်ဆိုရင်တော့ ပထမအကြိမ် စတုတ္ထပုံမှန်အစည်းအဝေးလာမယ့် ရက်မတိုင်ခင် ဇူလိုင်လ ၁ ရက်နေ့မှာ ဝေါမြို့နဲ့ ၁၀ မိုင်လောက်ဝေးတဲ့ ကျေးရွာတစ်ရွာက တောင်သူလယ်သမားအသက် ၄၀ ကျော် တစ်ယောက်ဆုံးရှုံးသွားပါတယ်။ အဲဒါဘာဖြစ်လို့လဲဆိုရင် လယ်သမားဟာ ရွာနဲ့ တစ်မိုင်ကျော်ဝေးတဲ့ သူ့ရဲ့လယ်ထဲမှာ မြွေဟောက်အကိုက်ခံရပါတယ်။ သူ့ဘာသာသာလမ်း

လျှောက်ပြီး ရွာထဲကအိမ်ကို ပြန်လာတယ်။ သူ့ကိုကိုက်တဲ့ မြွေကိုပါရိုက်သတ်ပြီး ယူလာတယ်။ ရွာမှာ ကျေးလက်ဆေးပေးခန်းရှိတယ်။ ဒါပေမယ့် မြွေဆိပ်ဖြေဆေးက အဲဒီမှာမရှိဘူး။ အဲဒီရွာနဲ့ သုံးမိုင်လောက်ဝေးတဲ့ တိုက်နယ်မှာ တိုက်နယ်ဆေးရုံရှိတယ်။ ဒါပေမယ့် မြွေဆိပ်ဖြေဆေးကမရှိတော့ ၁၀ မိုင်ဝေးတဲ့ဝေါမြို့ကိုသယ်ဖို့ကျတော့ အဆင်မပြေဘူး။ ဆေးခန်းကိုသွားဖို့ ဆိုင်ကယ်နောက်ကထိုင်ခိုင်း၊ နောက်ကတစ်ယောက်က ညှပ်ထိန်းပြီးခေါ်ခဲ့တဲ့အခါမှာ လမ်းမှာတင် တိမ်းပါးသွားခဲ့ရပါတယ်။ အဲလို ကွယ်လွန်တဲ့အခါကျလို့ရှိရင် လူတစ်ယောက် ရဲ့အသက်တွေဟာတန်ဖိုးရှိပါတယ်။ အားလုံးဟာ ရာထူးကြီးမှ၊ ငွေကြေးရှိမှ တန်ဖိုးရှိတာ၊ အသက်က တန်ဖိုးရှိတာမဟုတ်ပါဘူး။ သူ့ကိုမှီခိုနေတဲ့ မိသားစုကြီးအတွက်က ဒီတစ်ယောက်ဟာ ရွှေတောင်ကြီး ပြိုလဲသွားသလိုခံစားရပါတယ်။ အလားတူပဲ နိုင်ငံအနေနဲ့ကြည့်မယ်ဆိုရင် အရွယ်ကောင်း အားကောင်းမောင်းသန် တောင်သူလယ်သမားတစ်ယောက်၊ တိုင်းပြည်ကိုအကျိုးပြုမယ့် တောင်သူလယ်သမားတစ်ယောက်ဟာဆိုလို့ရှိရင် အချိန်မီ မြွေကိုက်ခံရတာကို ဆေးဝါးကုသမှုမခံယူလိုက်ရတဲ့အတွက် ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်း ဆုံးရှုံးမှုဖြစ်သွားပါတယ်။ အဲဒီနေရာမှာ တကယ်ဖြစ်ခဲ့တာပါ။ အဲလိုပဲ အလားတူဖြစ်ခဲ့တာတွေကတော့ သက်တမ်းတစ်လျှောက်မှာ အများကြီးတွေ့ခဲ့ရပါတယ်။ နဖူးတွေ့ ဒူးတွေ့ကို ကျွန်တော်လာတဲ့အချိန်မှာ အသုဘတောင်မချရသေးပါဘူး။ တွေ့တဲ့အခါမှာကျတော့ ကျွန်တော့်စိတ်ထဲမှာ စဉ်းစားမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့များ အဲဒီကျေးလက်ဆေးခန်းမှာ မြွေဆိပ်ဖြေဆေးများရှိမယ်ဆိုရင် မြွေလည်းသူကသိနေပြီလေ။ ထိုးခွင့်ရမယ်ဆိုရင် ဒါမှမဟုတ်ရင် ၃ မိုင်ဝေးတဲ့ တိုက်နယ်ဆေးရုံမှာ ဆေးကုသခွင့်ရမယ်ဆိုရင် ဒီလူဟာ မသေနိုင်ပါဘူး။ နောက်တစ်ခါ ဗဟုသုတနည်းတာလည်းပါပါတယ်။ ခုနကတုန်းက ဒေါက်တာ ဒေါ်မေဝင်းမြင့် ပြောသလိုပဲ ဒီမှာ သူတို့ အကာအကွယ်ပစ္စည်းတွေလည်းမရှိဘူး။ မြွေကိုက်ခံရရင်လည်း ဘယ်လိုပြုစုရမလဲဆိုတာမသိဘူး။ သနားဖို့ကောင်းတာနော်။ သူကိုယ်တိုင်လာသေးတယ်။ လမ်းလျှောက်လာတယ်။ အဲဒီကတည်းက မှားပြီ။ နောက်တစ်ခါ မြွေအမြီးကိုဖြတ်ပြီးတော့ သူက မြိုလိုက်သေးတယ်။ ဒါက ရှေးဟောင်းနည်းတွေ ကြားဖူးနားဝနည်းတွေ သူတို့လုပ်ကြမှာပေါ့လေ။ ဒီကြားထဲမှာ သွားရေးလာရေးကောင်းအောင်ဆိုပြီးတော့ အရက်လေးတောင် နည်းနည်းသောက်လိုက်သေးတယ်တဲ့။ အဲတော့ သွေးကပိုပြန့်တယ်။ ဒါတွေဟာ ပုံပြင်မဟုတ်ပါဘူး။ တကယ့်အဖြစ်အပျက်ပါ။ ကျွန်တော်တို့သတင်းစာထဲတွေ၊ Television တွေထဲမှာဆိုရင် အမြဲ ဒီဟာတွေနဲ့ပတ်သက်ပြီးတော့ ကြေညာနေပေမယ့် သူတို့ခမျာက မရှိတာထက်ကို မသိတာခက်ဆိုသလိုပဲ သူတို့ခမျာ သနားဖို့အင်မတန်ကောင်းပါတယ်။ ပြန်ပြီးတော့ စဉ်းစားလိုက်တဲ့အခါကျတော့ သူတို့ ပညာမတတ်တာပေါ့။

ပညာမတတ်တဲ့အခါကျတော့ ဝေဖန်ပိုင်းခြားနိုင်မှုတွေက နည်းတဲ့အခါကျတော့ သူတို့ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်မှုမရှိတဲ့အခါကျတော့ ဒီအဖြစ်မျိုးတွေကြုံရပါတယ်။ အဲဒါဘာလဲဆိုတော့ တာဝန်ကတော့ ကျွန်တော်တို့မှာပဲ တာဝန်ရှိလာကြမှာပဲ ဖြစ်ပါတယ်။ အဲလိုကိစ္စမျိုးမှာ တကယ်လို့များ အဲလိုရှိမယ်ဆိုရင် ဦးအောင်သိန်းလင်းဆိုသလို မြွေဆိပ်ဖြေဆေးတွေကိုများ လုံလုံလောက်လောက်ဖြန့်ဖြူးပေးနိုင်မယ်ဆိုလို့ရှိရင် ဖြန့်ဖြူးတဲ့ ခုနက မြွေဆိပ်ဖြေဆေးထုတ်ရတာလည်း အရင်းအနှီးများတယ်ဆိုတာကို ကျွန်တော်တို့သိပါတယ်။ မြင်းတွေကနေပြီးတော့ ဟိုတုန်းကဆိုရင်တော့ BPI ပေါ့၊ အခုဆိုရင်တော့ မြန်မာ့ဆေးဝါးထုတ်လုပ်ရေး အစရှိသဖြင့် ဒါတွေကနေ လုပ်တဲ့အခါကျတော့ အရင်းအနှီးတွေကများပါတယ်။ နောက်တစ်ခါ တန်ဖိုးများတဲ့အခါကျတော့ ဆေးကထိရောက်ပြီးတော့ တန်ဖိုးနည်းတဲ့ ကြက်ဥလိုဟာမျိုးက ထုတ်လိုက်ပြန်တော့လည်း ဆေးက ဆေးအာနိသင်က မရှိတော့ဘူးဆိုတာသိရပါတယ်။ နောက် အပြင်မှာကျတော့လည်း ဝယ်ဖို့၊ ခြမ်းဖို့ဆိုတာလည်း မလွယ်ဘူး။ အဲတော့ အဲလိုအကြောင်းကြောင်းတွေ ဖြစ်လာတဲ့အခါကျတော့ ကျွန်တော်တို့ နည်းလမ်းလေးတွေတော့ ရှာရင်ကောင်းမှာပဲ စဉ်းစားမိပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၆၇ မှာလည်း လူသားတိုင်းဟာ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝခံယူဖို့ အခွင့်အရေးရှိတယ်ဆိုတာကလည်း အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရဆိုတဲ့နေရာမှာ ပြည်ထောင်စုအစိုးရမှ အစိုးရလို့သတ်မှတ်ရမှာမဟုတ်ပါဘူး။ တိုင်းဒေသကြီးအပါအဝင်အောက်မှာ အုပ်ချုပ်ရေးပိုင်းမှာ တာဝန်ရှိတဲ့သူတွေ အားလုံးဟာ အစိုးရတွေဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ အခု ကျွန်တော်တို့ ကိုယ်တိုင်လည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာ ပြည်သူ့ကိုယ်စားတွေပါ ပြည်သူ့ကိုယ်စားတွေဖြစ်တဲ့အတွက် ကျွန်တော်တို့တွေဟာ ပြောတာသက်သက်မဟုတ်ဘဲနဲ့ လုပ်နိုင်သလောက်လေးတွေ၊ စွမ်းဆောင်နိုင်သလောက်လေးတွေ ကျွန်တော်တို့ဘက်ကလည်းပဲ ဥပဒေကြမ်းပြုသင့်တာတွေပြု၊ အဆိုတင်သင့်တာတွေတင်ပြီးတော့၊ မေးသင့်တာတွေမေးပြီးတော့ တတ်နိုင်သမျှလည်း ကျွန်တော်တို့အပိုင်းကဆောင်ရွက်နေပါတယ်။ အဲတော့ ကျွန်တော်တို့ နည်းလမ်းကိုစဉ်းစားကြည့်တော့ အဲဒီလူဘာလို့သေတာလဲ၊ ဆေးမရှိလို့။ ဒါဆိုရင် ဆေးရှိဖို့အတွက်ကတော့ လုပ်ဖို့ကောင်းတယ်။ ဆေးဝါးထားဖို့အတွက် နေရာထိုင်ခင်းအခက်အခဲရှိရင် ဆေးတွေကို ဘယ်လိုထားရမလဲဆိုတာ အခက်အခဲရှိလို့ရှိရင် ဘယ်လိုနည်းနဲ့ဆေးတွေကို အထားခံအောင်လုပ်မလဲဆိုတဲ့ နည်းလမ်းတွေလည်း စဉ်းစားရမယ်။ နောက် မြွေကိုက်ခံရတဲ့ လူကိုယ်တိုင်ကိုလည်းပဲ ကိုယ့်ကို ဆိုင်ကယ်နဲ့ ပြေးနေ၊လွှားနေ တင်နေလုပ်မယ့်အစား အခု ICT

ခေတ်ပဲလေ။ တယ်လီဖုန်းတွေက GSM တို့၊ CDMA တို့ အစရှိသဖြင့် ဖုန်းတွေကလည်း ရှိနေတာပဲ၊ ဒီနေရာမှာ တစ်ယောက် မြွေကိုက်ခံရတယ်ဆိုလို့ရှိရင် တာဝန်ကျတဲ့ ဆေးပညာရှင်တွေကများသွားပြီးတော့ သူတို့က အလျင်အမြန်သွားလိုက်မယ်ဆိုလို့ရှိရင် ဟိုလူလည်း ဘာမှလှုပ်ရှားစရာမလိုဘဲနဲ့ ငြိမ်ငြိမ်သက်သက်လေးနဲ့ ရှေးဦးသူနာပြုတွေနဲ့ သွားပြီးတော့ များလုပ်လိုက်မယ်ဆိုလို့ရှိရင် ဒီလူတစ်ယောက်ဟာ မသေနိုင်ဘူး။ မသေနိုင်ဘူးဆိုလို့ရှိရင် မိသားစုအတွက် တန်ဖိုးရှိတဲ့လူ၊ နိုင်ငံအတွက် တန်ဖိုးရှိတဲ့ နိုင်ငံသားကောင်းတစ်ယောက် ဆုံးရှုံးနိုင်မှာမဟုတ်ဘူးလို့ ကျွန်တော့်စိတ်ထဲမှာ အဲဒီလိုပဲ ခံစားရပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စကတော့ ဦးအောင်သိန်းလင်း တင်သည်ဖြစ်စေ၊ မည်သူတစ်ဦးတစ်ယောက် တင်သည်ဖြစ်စေ ဘယ်သူမှ ကန့်ကွက်လို့လည်း ဖြစ်တဲ့ကိစ္စမဟုတ်ဘူး။ လူအများစု ၇၀ ရာခိုင်နှုန်းသော ပြည်သူများဟာဆိုလို့ရှိရင် သူတို့ခမျာ နိုင်ငံခြားတွေဘာတွေ ဆေးကုဖို့ဆိုတာ အိပ်မက်ထဲတောင်မမက်ရဲတဲ့ဘဝပါ။ မြွေဆိပ်ဖြေဆေးလိုမျိုးလေး အကုန်အကျများမယ်ဆိုရင်လည်း နိုင်ငံတော်အနေနဲ့ကတော့ တာဝန်ရှိတဲ့လူအနေနဲ့က ဒါတွေဟာ ဖွဲ့စည်းပုံထဲမှာပါတဲ့ဟာတွေကို အလေးအနက်ထားပြီးတော့ နိုင်ငံမှာတာဝန်ရှိတဲ့ ပြည်ထောင်စုအစိုးရအကြီးမှူးဖြစ်တဲ့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ကနေ စပြီးတော့ အားလုံးအဆင့်ဆင့်ဟာဆိုလို့ရှိရင် မိမိတို့ကျရာ တာဝန်အပိုင်းကနေပြီးတော့ စိတ်စေတနာကောင်းကောင်းနဲ့ ဆောင်ရွက်ပေးမယ်ဆိုရင် ဦးအောင်သိန်းလင်းရဲ့ တင်ပြချက်ကလည်းထိရောက်မယ်၊ ကျွန်တော်တို့ရဲ့ ဆွေးနွေးချက်တွေဟာလည်း ထိရောက်လာမယ်လို့ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းတင်သွင်းတဲ့ အဆိုအားထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ တောင်သူလယ်သမားများဖြစ်ကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။ စိုက်ပျိုးရေးကိုလုပ်ကိုင်ရတဲ့ တောင်သူလယ်သမားများဟာ လုပ်ငန်းခွင်အသက်အန္တရာယ်လုံခြုံရေးအတွက် အဓိကလိုအပ်ချက်က မြွေဆိပ်ဖြေဆေးလုံလောက်စွာရရှိရေးဖြစ်ပါတယ်။ မြွေဆိပ်ဖြေဆေးရရှိရေးနှင့်ပတ်သက်ပြီး ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး၊ လွှတ်တော်အစည်းအဝေးမှာ အမရပူရမဲဆန္ဒနယ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်

ဦးအောင်သိန်းက မေးခွန်းမေးမြန်းတင်ပြခဲ့ရာမှာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးက သက်ဆိုင်ရာဆေးရုံများမှာ အခမဲ့ရရှိနိုင်ကြောင်း ဖြေကြားခဲ့တဲ့အတွက် ကျွန်တော်အပါအဝင် မဲဆန္ဒရှင်ပြည်သူများ ဝမ်းသာမိကြပါတယ်။ ဒီသတင်းကို ကြားရပြီးမကြာခင် ရက်ပိုင်းအတွင်း အမရပူရမြို့နယ် ဖရဲကျွန်းကျေးရွာက အမျိုးသားတစ်ဦး မြွေပွေးငယ်တစ်ကောင် အကိုက်ခံခဲ့ရပါတယ်။ မြွေကိုက်ခံလိုက်ရတဲ့အခါမှာ အနီးဆုံးတိုက်နယ်ဆေးရုံကို ပို့ဆောင်ရပါတယ်။ တိုက်နယ်ဆေးရုံမှာ မြွေဆိပ်ဖြေဆေး နှစ်လုံးထိုးပြီး အသက်ချမ်းသာရာရသွားပါတယ်။ သို့သော် ထိုးပေးလိုက်တဲ့မြွေဆိပ်ဖြေဆေးကို ပြင်ပကဝယ်ယူရရှိတဲ့ ယိုးဒယားဆေး မြွေဆိပ်ဖြေဆေး နှစ်လုံးကိုပြန်လည် အစားထိုးဝယ်ပေးလိုက်ရပါတယ်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ဆရာဝန်နှင့် ကျွန်တော်အလုပ်သဘောအရ ဆက်သွယ်ဆွေးနွေးကြည့်ရာမှာ အစားထိုးဝယ်ယူဖြည့်ဆည်းပေးရခြင်းဟာ နောက်ထပ်မြွေကိုက်ခံရသူ ပေါ်ပေါက်လာတဲ့အခါ အရေးပေါ်အသုံးပြုရန်အတွက်ဖြစ်ကြောင်း သိရှိရပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး မြွေကိုက်ခံရတဲ့သူဟာ သေးငယ်တဲ့မြွေကိုက်ခံရ၍ မြွေဆိပ်ဖြေဆေးနှစ်လုံးနှင့် အသက်ရှင်ရခြင်းဖြစ်ပါတယ်။ မြွေကြီးပြီး အဆိပ်ပျံ့နှံ့မှုများတယ်ဆိုရင် နှစ်လုံးကနေလေးလုံးအထက် အသုံးပြုပြီးထိုးရမှာ ဖြစ်ပါတယ်။ မြွေဆိပ်ဖြေဆေးကို ပြန်လည်ဝယ်ယူပြီး အစားထိုးပေးရခြင်းဟာ မြွေဆိပ်ဖြေဆေး မလုံလောက်ခြင်း၊ လုံလောက်စွာထားရှိပေးမှုမရှိခြင်းတို့ကြောင့် ဖြစ်ကြောင်းကို တွေ့ရှိရပါတယ်။ မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရာမှာ နိုင်ငံတော်က ငွေကြေးကုန်ကျမှု ပြန်ပြီးစေတနာထားဆောင်ရွက်နေကြောင်းလည်း ကြားသိရပါတယ်။ မြွေဆိပ်ကို ကျန်းမာသန်စွမ်းတဲ့ မြင်းကနေပြီး သွေးပျစ်ထုတ်လုပ်ရကြောင်း မြင်းဝယ်ယူမွေးမြူရာမှာ မြင်းရှာဖွေဝယ်ယူမှုခက်ခဲခြင်း၊ ဝယ်ယူရာတွင် သုံးစွဲရမယ့် ငွေကြေးလုံလောက်မှုမရှိခြင်း၊ ဝယ်ယူပြီးသောမြင်းများ ကျွေးမွေးစောင့်ရှောက်ရန် ဘဏ္ဍာငွေမလုံလောက်ခြင်း၊ ခေတ်မီစက်ကိရိယာဝယ်ယူရန် ဘဏ္ဍာငွေလိုအပ်ခြင်းစတဲ့ အခက်အခဲများလည်းရှိနိုင်ပါတယ်။ ဒါကြောင့် မြွေဆိပ်ဖြေဆေးလုံလောက်စွာ ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်တဲ့ဘဏ္ဍာငွေကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အတူ သုံးစွဲနိုင်ရန် စိစစ်ခွင့်ပြုသင့်ပါကြောင်းလည်း ဆွေးနွေးတင်ပြအပ်ပါတယ်။ တောင်သူလယ်သမားများ မြွေကိုက်ခံရခြင်းမှ ကာကွယ်နိုင်ရန်နှင့် မြွေကိုက်ခံရပြီးကာလမှာ ရှေးဦးသူနာပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်တတ်စေရန်လည်း ကျွန်တော်တို့အားလုံး ဝိုင်းဝန်းဆွေးနွေးသင့်ပါကြောင်းလည်း ဆွေးနွေးတင်ပြအပ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ သက်ဆိုင်ရာမြို့နယ်ဆေးရုံများသို့ ကျေးလက်ဒေသက လာရောက်ရတာမှာ ၂ နာရီအတွင်းမရောက်လျှင် မြွေကိုက်ခံရသူများဟာ အသက်အန္တရာယ် စိုးရိမ်ရတဲ့အတွက် ကျေးလက်

ကျန်းမာရေး ဆရာ ဆရာမများနှင့် မြွေဆိပ်ဖြေဆေး လုံလောက်စွာထိုးပေးနိုင်ရေးအတွက် ကျေးလက်များအထိမြွေဆိပ်ဖြေဆေးများလုံလောက်စွာထားရှိပေးနိုင်ပါရန် ဆွေးနွေးတင်ပြရင်း တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့အဆိုဟာ တောင်သူလယ်သမားများ၏ အသက်နဲ့ထပ်တူ လိုအပ်သောအဆိုဖြစ်တဲ့အတွက် လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါကြောင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဝန်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ အားလုံးလည်း တော်တော်များများပြည့်ပြည့်စုံစုံ ဆွေးနွေးသွားတာဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ အများဆုံးကြုံတွေ့နေရတဲ့ မြွေကိုက်ခံရခြင်းအတွက် လိုအပ်တဲ့မြွေဆိပ်ဖြေဆေးတွေ နိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံကလုံလုံလောက်လောက် ဖြန့်ဖြူးပေးဖို့အဆိုနဲ့အလားတူတဲ့အဆိုကို ကျွန်တော်တို့ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ကျန်းမာရေးဝန်ကြီးဌာနရဲ့မူဝါဒနှင့် လုပ်ငန်းစဉ်များမှာ အရေးကြီးဆေးဝါးများ လုံလောက်စွာရရှိရေး ခေါင်းစဉ်အောက်မှာ မြွေဆိပ်ဖြေဆေးဟာလည်း အရေးကြီးဆေးဝါးထဲပါဝင်နေကြောင်း လုံလောက်စွာရရှိအောင် ဆောင်ရွက်သင့်ကြောင်းပြည်တွင်းထုတ်လုပ်မှုနှင့် မလုံလောက်ရင် ပြည်ပမှဝယ်ယူအသုံးပြု၍ တောင်သူလယ်သမားများရဲ့အသက်ကိုကယ်သင့်ကြောင်း ကျွန်တော်တင်ပြခဲ့ဖူးပါတယ်။ ပြည်ထောင်စုဝန်ကြီးအနေနဲ့လည်း မြန်မာနိုင်ငံမှာ မြွေဆိပ်ဖြေဆေးကို စက်မှုဝန်ကြီးဌာနက ထုတ်လုပ်နေတဲ့အကြောင်း၊ လိုအပ်ချက်ကိုပြည့်မီအောင် မထုတ်နိုင်ဘဲဖြစ်နေကြောင်း၊ အရင်က မြင်းကနေတစ်ဆင့် မြွေဆိပ်ဖြေဆေးထုတ်ခဲ့ကြောင်း၊ မြင်းတွေရှားပါးလာတဲ့အတွက် မြွေဆိပ်ဖြေဆေးကို အမေရိကန်က မြင်းတွေနဲ့စမ်းသပ်ကြည့်တဲ့အခါကျတော့လည်း အမေရိကန်ကမြင်းတွေက မြန်မာပြည်က မြွေပွေးတွေရဲ့အဆိပ်ကို မခံနိုင်လို့မအောင်မြင်တဲ့အကြောင်း၊ ကြက်ဥကနေပြီးတော့ထုတ်တော့လည်း မအောင်မြင်သေးကြောင်း၊ သိုးကနေထုတ်ဖို့ ကြိုးစားနေကြောင်း ရှင်းပြတာကို ကျွန်တော်တို့မှတ်သားလိုက်ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရွှေဘိုပြည်သူ့ဆေးရုံက မြွေဆိပ်ဖြေဆေးရရှိမှု အခြေအနေလေးတွေနဲ့ အချက်အလက်ကလေးတွေကို ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။ ရွှေဘိုမြို့ဟာ လယ်ဧက ၂၅ သိန်းလောက်ရှိတဲ့ လယ်ယာစိုက်ပျိုးမှု အဓိကခရိုင်မြို့ တစ်မြို့ဖြစ်ပါတယ်။ လယ်သမားတွေဟာ

၇၀ ရာခိုင်နှုန်း မကပါဘူး။ ၈၀ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဒီလယ်သမားများ အမိကကြုံတွေ့ရတဲ့ ဒီမြွေကိုက်ရောဂါဟာ ကျွန်တော်တို့ ၂၀၁၁ ခုနှစ် ဆေးရုံစာရင်းဇယားများဆိုရင် တစ်နှစ်လုံး မြွေပွေး ကိုက်လူနာ ၁၂၈ ယောက်ရှိပါတယ်။ မြွေဟောက်ကိုက်တဲ့ လူနာ ၅ ယောက်ရှိပါတယ်။ တခြား မြွေကိုက်တဲ့လူနာ ၅၅ယောက်ရှိပါတယ်။ တခြားမြွေကိုက်တဲ့ လူနာဆိုတာကတော့ မြွေပွေး၊ မြွေဟောက် မဟုတ်ဘဲနဲ့ တခြားမြက်လျှော့တို့ဘာတို့ ကျန်တဲ့မြွေတွေပါ။ တစ်ခါတလေကျတော့လည်း မြွေကိုမတွေ့ လိုက်ရတဲ့အတွက်ကြောင့်မို့ unknown bite ဆိုပြီးတော့ ဆေးရုံလာတဲ့လူတွေပါ။ အဲဒီလူနာတွေ အတွက် ကျွန်တော်တို့ MPF ကထုတ်တဲ့မြွေဆိပ်ဖြေဆေးဟာ ၂၀၁၁ ခုနှစ်မှာ ၄၅၄ လုံးရပါတယ်။ အဲဒီတော့ မြွေပွေးကိုက်တဲ့လူနာတစ်ယောက်ကို လေးလုံးနှုန်းနဲ့ တွက်မယ်ဆိုလို့ရှိရင်က ၅၁၂ လုံး ဆိုတော့ တစ်နည်းအားဖြင့်ပြောမယ်ဆိုလို့ရှိရင် ၈၈.၆၇ ရာခိုင်နှုန်း လောက် ၂၀၁၁ ခုနှစ်က ရရှိခဲ့ ပါတယ်။ အဲဒါကြောင့်မို့လို့ လိုတဲ့မြွေဆိပ်ဖြေဆေးတွေကိုတော့ အပြင်က ဝယ်ရပါတယ်။ အပြင်မှာ ဝယ်တယ်ဆိုတဲ့နေရာမှာလည်း ကျွန်တော်တို့ အိန္ဒိယကထုတ်တဲ့ မြွေဆိပ်ဖြေဆေးရှိပါတယ်။ ထိုင်းက ထုတ်တဲ့ မြွေဆိပ်ဖြေဆေးရှိပါတယ်။ အိန္ဒိယကထုတ်တဲ့ မြွေဆိပ်ဖြေဆေးကို ပိုပြီးတော့ ဝယ်လို့လွယ် ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ရွှေဘိုအနေနဲ့ ၂၀၁၁ ခုက အိန္ဒိယက မြွေဆိပ်ဖြေဆေးပေါင်း ၅၇၀ လုံးဝယ်ယူအသုံးပြုခဲ့ရပါတယ်။ ဒါတွေဟာ လူနာတွေကပဲကျခံခဲ့ရခြင်း ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ၂၀၁၂ ခုနှစ်ကျတဲ့အခါကျတော့ ဇွန်လအထိ မြွေပွေးကိုက်လူနာဟာ ၄၂ ယောက်ရှိပါ တယ်။ မြွေဟောက်ကိုက်လူနာက တစ်ယောက်ရှိပါတယ်။ တခြားမြွေကိုက်တဲ့ လူကတော့ ၂ ယောက်ထဲ ပါ။ မြွေဆိပ်ဖြေဆေးကို ကြည့်လိုက်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဆေးရရှိတဲ့ဆေးဟာ ၃၄ လုံးပဲ ရှိပါတယ်။ အဲဒီတော့ ဝယ်သုံးလိုက်ရတဲ့ဆေးဟာ ၄၈၅ လုံးရှိပါတယ်။ အဲဒီတော့ မြွေဆိပ်ဖြေဆေး တွေဟာ သိပ်နည်းပြီးသွားတဲ့အတွက် ရာခိုင်နှုန်းနဲ့ တွက်ကြည့်လို့ရှိရင် ၄.၉ ရာခိုင်နှုန်းပဲ လိုအပ်ချက်နဲ့ ရရှိနေပါတယ်။ မြွေဆိပ်ဖြေဆေးရရှိမှု နည်းတဲ့အတွက်ကြောင်မို့လည်း လူနာတွေကုသတဲ့နေရာမှာ အခက်အခဲတွေရှိပြီးတော့ မန္တလေးဆေးရုံကြီးကို ပေးပို့ရတဲ့လူနာဟာ အရင်တုန်းက ၂၀၁၁ ခုနှစ် တုန်းက မန္တလေးဆေးရုံကိုလွှဲစရာမလိုပဲနဲ့ လူနာတွေကို အသေအပျောက်မရှိဘဲနဲ့ ကုသနိုင်ခဲ့ပေ မယ့်လို့ ၂၀၁၂ ခုနှစ်မှာတော့ မန္တလေးဆေးရုံကြီးကို ၁၁ ယောက်လွှဲခဲ့ရပါတယ်။ ဘာကြောင့်လွှဲရလဲ ဆိုတော့ ရွှေဘိုဆေးရုံမှာ Renal Dialectic လို့ခေါ်တဲ့ ကျောက်ကပ်ဆေးတဲ့စက်မရှိပါဘူး။ ကျောက်ကပ်ဆေးတဲ့စက်ဆိုတာ အင်မတန်လိုအပ်ပါတယ်။ မြွေဆိပ်ဟာ လူ့ရဲ့ခန္ဓာကိုယ်ထဲကိုရောက်၊ သွေးထဲကိုရောက်၊ ကျောက်ကပ်ကိုရောက်၊ ကျောက်ကပ်ကိုပျက်စီးတတ်တဲ့ သဘာဝရှိပါတယ်။

အဲဒါကြောင့်မို့လို့ ကျောက်ကပ်ဆေးတဲ့စက်နှင့် သွေးဆိပ်တွေကို ချေဖျက်တဲ့နေရာမှာ Renal Dialectic လို့ခေါ်တဲ့ ကျောက်ကပ်ဆေးတဲ့စက်ဟာ အလွန်လိုအပ်ပါတယ်။ ၂၀၁၁ ခုနှစ်က အသေ အပျောက်စာရင်းဇယားမှာတော့ ကျွန်တော်တို့ ရွှေဘိုဆေးရုံမှာ မတွေ့ပါဘူး။ သို့သော်လည်း တစ်ယောက်၊ နှစ်ယောက်ကတော့ ရှိနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြွေကိုက်လို့အခြေအနေ မကောင်းဘူးဆိုလို့ရှိရင် များသောအားဖြင့် လူနာတွေက ကိုယ့်ရွာကိုယ်မှာပဲ သေချင်ကြတော့ လူနာကို ပြန်ပြီးတော့သယ်သွားတဲ့ အတွက်ကြောင့်မို့လို့ လုံးဝမရှိဘူးတော့ မဖြစ်နိုင်ပါဘူး။ တစ်ယောက်၊ နှစ်ယောက်တော့ ရှိနိုင်ပါတယ်။ နောက်တစ်ချက်က ဒီမြွေကိုက်လူနာတွေဟာ ဆေးရုံမရောက်တဲ့ မြွေကိုက်လူနာတွေလည်း အများကြီးရှိပါတယ်။ ဆေးရုံမှာ မြွေဆိပ်ဖြေဆေးမရှိဘူးဟော့လို့ သတင်း ကြားတော့ သူတို့လည်းအားငယ်ပါတယ်။ အားငယ်တဲ့ အတွက်ကြောင့်မို့လို့ နီးစပ်ရာ ဘိန္နောဆရာ တွေနဲ့ သူတို့အကုခံပါတယ်။ အဲဒီတော့ တချို့တလေလည်း ကျေးရွာတွေမှာပဲဆုံးကြရပါတယ်။ တချို့ တလေကျတော့ လမ်းပန်းဆက်သွယ်ရေးက မကောင်းတာ၊ တချို့တလေကျတော့လည်း အသိဉာဏ် စောစောကဆွေးနွေးသွားသလိုပဲ အသိဉာဏ်နည်းပါးတဲ့ အတွက်ကြောင့်မို့လို့ မြွေကိုက်တဲ့အခါမှာ ရှေးဦးသူနာပြုစုနည်း ဘယ်လိုနည်းလုပ်ရမယ်ဆိုတာ မသိတဲ့အတွက်ကြောင့်မို့လို့ မသေဆုံးသင့်ပဲ သေဆုံးတာတွေလည်းရှိပါတယ်။ ဥပမာ- စောစောကဆွေးနွေးသွားသလိုပဲ မြွေကိုက်ပြီးတော့ မြွေကိုက် တဲ့နေရာမှာ မြွေကိုက်ခံရတဲ့လူနာဟာ ငြိမ်ငြိမ်လေးထိုင်နေရပါတယ်။ တစ်ယောက်ယောက်ကိုလှမ်း ခေါ်ပြီးတော့မှ သယ်ရမှာဖြစ်ပါတယ်။ မြွေကိုက်တဲ့နေရာကို အထက်မှာကြိုးလေးစည်းရမှာ ဖြစ်ပါ တယ်။ အဲလိုမဟုတ်ဘဲနဲ့ မြွေကိုက်ပြီးတာနဲ့ တစ်ပြိုင်တည်း အလန့်တကြားထပြီးတော့ လယ်ထဲရှိတဲ့ဆီ ကိုပြေးလို့ရှိရင် ကျွန်တော်တွေ့ဖူးတဲ့ လူငယ်တစ်ယောက်ဟာ အဲဒီပြေးတဲ့လမ်းမှာပဲ ဘိုင်းကနဲလဲပြီး မြွေဆိပ်တက်ပြီတော့ ဆုံးသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကိုက်ခံရတာက ခြေထောက် လမ်းလျှောက်တယ်၊ ပြေးတယ်ဆိုလို့ရှိရင် ခြေထောက်ကအဆိပ်တွေဟာ ခန္ဓာကိုယ်ကို တက်သွား ပြီးတော့ ဘာမြွေဆိပ်ဖြေဆေးမှထိုးလိုက်ချိန်မရဘဲနဲ့ သေဆုံးသွားရခြင်းဖြစ်ပါတယ်။ နောက်တစ်ချက် ကငွေရေးကြေးရေးပါ။ ငွေရေးကြေးရေးအခြေအနေကလည်း စောစောကပြောသလိုပါပဲ ကျွန်တော်တို့ မြွေဆိပ်ဖြေဆေးတွေဟာ အိန္ဒိယကဆေးဆိုလို့ရှိရင် ၁၀၀၀၀ လောက်ပဲ ပေးရပါတယ်။ ယိုးဒယား ဆေးကပိုပြီးတော့ ဈေးကြီးပါတယ်။ သို့သော်လည်း အိန္ဒိယကဆေးနှစ်ဆ BPI ဆေးသို့မဟုတ် MPF ထက်နှစ်ဆ များသောအားဖြင့်တော့ မြွေကိုက်တယ်ဆိုလို့ရှိရင် ၄ လုံး ထိုးရပါတယ်။ အိန္ဒိယက ဆေးနဲ့ ဆိုလို့ရှိရင် ၈ လုံးထိုးရပါတယ်။ နောက်တစ်ခုကလည်း အိန္ဒိယတို့၊ ထိုင်းတို့ဆိုတာကလည်း မြန်မာပြည်

နဲ့ကပ်နေတဲ့အတွက်ကြောင့်မို့လို့ မြွေများရဲ့အဆိပ်ဟာ ခပ်ဆင်ဆင်တူတဲ့အတွက်ကြောင့်မို့လို့ ထိုးလို့ရတာပါ။ အဝေးနိုင်ငံတစ်နိုင်ငံကနေပြီးတော့မှ သူတို့နိုင်ငံမှာရှိတဲ့ မြွေနဲ့ မြွေဆိပ်နဲ့ထုတ်တဲ့ဆေးမျိုးကျွန်တော်တို့ဝယ်လို့မရပါဘူး။ အဲ့ဒါကြောင့်မို့ ကျွန်တော်တို့ မြွေဆိပ်ဖြေဆေးတွေထုတ်တဲ့နေရာမှာလည်း ကျွန်တော်တို့ မြန်မာပြည်က မြွေဆီကရတဲ့ အဆိပ်နဲ့ ပြန်ပြီးတော့မြင်းကိုထိုး၊ မြင်းဆီကနေဖြေဆေးတွေထုတ်၊ ထုတ်ပြီးတော့မှ အသုံးချရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြွေဆိပ်ဖြေဆေးတွေဟာ လုံလုံလောက်လောက် ရရှိနေရုံလောက်နဲ့ပဲ တောင်သူလယ်သမားတွေရဲ့အသက်ကိုမကာကွယ်နိုင်သေးပါဘူး။ စောစောက ကျွန်တော်ပြောသလိုပါပဲ။ မြွေဆိပ်ဖြေဆေးဟာ မရှိမဖြစ်လိုအပ်တာမှန်ပါတယ်။ လုံလုံလောက်လောက်လည်းရှိမှ ဖြစ်ပါတယ်။ အချိန်မီလည်း ဒီမြွေဆိပ်ဖြေဆေးကိုလူနာဆီကို ရောက်အောင် ဆောင်ရွက်ပေးဖို့လည်းလိုပါတယ်။ အဲ့လိုပဲ အကိုက်ခံရတဲ့လူဟာလည်းစောစောက ပြောသလိုပဲအသိပညာ၊ ကျန်းမာရေးအသိပညာရှိဖို့လည်းလိုပါတယ်။ ဘေးကပြုစုတဲ့လူတွေကလည်း အသိပညာရှိဖို့လိုပါတယ်။ ကျွန်တော် တွေ့ဖူးပါတယ်။ လက်ကောက်ဝတ်လောက်ရှိတဲ့မြွေပွေးကြီးတစ်ကောင်အကိုက်ခံရလို့ ဆေးရုံကိုခေါ်ခဲ့ပါတယ်။ ဆေးရုံခေါ်တဲ့လူနာကို သူတို့စောင်ပုခက်ကြီးနဲ့ခေါ်ခဲ့ပါတယ်။ လိုက်ပို့တဲ့လူက ကျန်းမာရေးလုပ်သားတစ်ယောက်ဖြစ်ပါတယ်။ ဆရာဝန်မဟုတ်ပါဘူး။ သူ့ကိုမေးကြည့်တဲ့အခါကျတော့ ဒီမြွေပွေးကြီးကိုက်တယ်။ အဲ့ဒီနေရာကိုပဲ သူတို့တတ်သလိုပဲ သွေးတွေညှစ်ထုတ်တယ်။ ကြိုးစည်းတယ်။ ပြီးတော့တစ်ခါတည်း စောင်ပုခက်ကြီးနဲ့ထမ်းပြီးတော့ ဆေးရုံကိုခေါ်လာတယ်။ ဆေးရုံရောက်တော့ ကျွန်တော်စမ်းသပ်ကြည့်တဲ့အခါ သွေးထဲမှာအဆိပ်မရှိတာကို တွေ့ရှိရပါတယ်။ သွေးထဲမှာမရှိတာကို ကျွန်တော်တို့ ဘယ်လိုစမ်းသလဲဆိုတော့သွေးရဲ့ခဲနှုန်းကိုစမ်းပါတယ်။ သွေးရဲ့ခဲနှုန်းကို ကြည့်လိုက်တဲ့အခါကျတော့ သွေးခဲနှုန်းက ပုံမှန်ဖြစ်နေပါတယ်။ အဲဒီတော့လိုလိုမယ်မယ် သူ့ကို ကျွန်တော်တို့က ကာကွယ်ဆေးလေး မြွေဆိပ်ဖြေဆေးလေး ၂ လုံးထိုးလိုက်တာနဲ့ ဒီလူအသက်ရှင်သွားပါတယ်။ အဲ့လောက်ထိအောင် ကျွန်တော်တို့ ပြုစုတဲ့နည်းဟာကောင်းလို့ရှိရင် ကောင်းသလိုခံစားရပါတယ်။ ကျွန်တော်တို့ လွန်ခဲ့တဲ့ လပိုင်းအတွင်းလောက်ပဲမြို့ပေါ်မှာ မုံရွာမြို့ကြီးပေါ်မှာ မြို့လယ်ခေါင်မှာ ဌာနဆိုင်ရာအကြီးအကဲ တစ်ယောက်မြွေကိုက်ခံရပါတယ်။ မြွေကိုက်ခံရလို့ ဆေးရုံကိုနာရီပိုင်းအတွင်းသွားပါတယ်။ ဆေးရုံကလည်း မြွေဆိပ်ဖြေဆေးကိုထိုးပေးပါတယ်။ သို့သော် အဲ့ဒီဌာနဆိုင်ရာအကြီးအကဲဆုံးသွားပါတယ်။ အဲ့ဒီတော့ ဆရာဝန်တွေအပေါ်မှာ အပြစ်တင်ရတော့ မလိုဖြစ်နေပါတယ်။ အချိန်မီလာရဲ့သားနဲ့၊ မြွေဆိပ်ဖြေဆေးကိုလည်းရရဲ့သားနဲ့ ဘာကြောင့် လူနာဟာသေရသလဲ။ သေရတဲ့အကြောင်းအရင်းကလည်း ရှိပါသေးတယ်။

အဲ့ဒါကတော့ မြွေကိုက်လိုက်တဲ့နေရာဟာ သွေးကြောပေါ်ကိုတည့်တည့်ကိုက်လိုက်မယ်ဆိုရင် အဆိပ်ကချက်ချင်းရောက်သွားပြီးတော့ အဲ့ဒီအဆိပ်ဟာ Tissue Fit အရေးကြီးတဲ့အင်္ဂါအစိတ်အပိုင်း ဥပမာ-ကျောက်ကပ်တို့၊ ဘာတို့မှာ ကျောက်ကပ်ရဲ့အထက် အဆိပ်ကကပ်မိသွားပြီဆိုလို့ရှိရင် မြွေဆိပ်ဖြေဆေး ဘယ်နှစ်လုံးပဲထိုးထိုး အသက်မရှင်တော့ပါဘူး။ အဲ့ဒီအချိန်အခါမျိုးမှာ ကျွန်တော်တို့က အသက်လုရတာ အင်မတန်ခက်သွားပါတယ်။ အဲ့လိုပဲ ကိုက်တဲ့နေရာ နောက်ပြီးတော့ မြွေအပေါ်မှာလည်း မူတည်ပါသေးတယ်။ မြွေက အစာတွေဘာတွေမျိုထားပြီးစဆိုရင် သူရဲ့အထဲမှာတံထွေးမရှိပါဘူး။ တံထွေးကနည်းနေပါတယ်။ သူအစာမျိုပြီးစမြွေကိုက်ခံရတဲ့သူဟာ တော်တော်လေးသက်သာပါတယ်။ အသက်ရှင်ဖို့များပါတယ်။ ဘာအစာမှမမျိုရဘဲနဲ့မြွေက ဆာနေတဲ့အချိန်သူရဲ့တံထွေးထဲမှာ အဆိပ်တွေအပြည့်အဝ ရှိနေတဲ့အချိန်မှာ အကိုက်ခံရမယ်ဆိုရင်တော့ အဲ့ဒီလူဟာတော်တော်လေး အသက်ရှင်ဖို့ခက်ခဲနေတာကို ကျွန်တော်တို့ ကြုံခဲ့ရပါတယ်။ ကျွန်တော်တို့ တွေ့ဖူးပါတယ်။ အမျိုးသမီးတစ်ယောက်ဟာ မြွေခြောက်ခါကိုက်ခံရပါတယ်။ မသေပါဘူး။ သူ့ကိုကိုက်ပြီးတော့ မြွေကိုသူရဲ့ဒန်ချိုင့်လေးထဲကိုထည့်ယူပြီးတော့ ကျွန်တော်တို့ကို ပြပါတယ်။ မြွေလေးကသိပ်တော့မကြီးပါဘူး။ သို့သော် သူအမြဲတမ်းအကိုက်ခံရတာက ခြေအဖျားလေးတွေမှာပဲ အကိုက်ခံရတာများပါတယ်။ ခြေအဖျားလေးတွေကတော့ သွေးကြောလေးတွေးနည်းပါတယ်။ အဲ့ဒီလိုလည်း အကြောင်းရှိပါတယ်။ နောက်တစ်ချက်ကလည်း မြွေဆိပ်ကိုခံနိုင်ရည်ရှိတဲ့ဓာတ်တွေ ရနေတာလည်းဖြစ်ပါတယ်။ ဘာပဲပြောပြော မြွေကတော့ အလွန်အန္တရာယ်များပါတယ်။ အသေအပျောက်လည်းများပါတယ်။ အဲ့ဒါကြောင့်မို့ မြွေဆိပ်ဖြေဆေးတွေကို လုံလုံလောက်လောက်ရရှိအောင် ဆောင်ရွက်သလို တစ်ဖက်ကလည်း မြွေအကိုက်မခံရအောင်၊ မြွေကိုက်သော်လည်း အသားကိုမထိအောင်၊ မြွေဆိပ်ဖြေဆေးစောစောစီးစီးရအောင် အဲ့လိုပဲ ဆေးရုံမှာလည်း ကျွမ်းကျွမ်းကျင်ကျင်နဲ့ကုတတ်တဲ့ ကျန်းမာရေးဝန်ထမ်းတွေရှိအောင် ပစ္စည်းကိရိယာတွေကလည်း စောစောကပြောသလိုပဲ ကျောက်ကပ်ဆေးတဲ့စက်မျိုးလို ခရိုင်အဆင့်လောက်မှာထားနိုင်အောင်လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့တောင်သူလယ်သမားများရဲ့ မြွေကိုက်ခံရခြင်း အသက်ကိုကယ်နိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ကလည်း ဆောင်ရွက်ချက်လေးတွေရှိပါတယ်။ မြွေကိုက်ခြင်းနှင့်ပတ်သက်တဲ့ စီမံချက်တွေ၊ စာရွက်စာတမ်းတွေဝေတာ၊ ကျေးလက်တွေမှာကွင်းဆင်းပြီးတော့ ကျန်းမာရေးပညာပေးတာ၊ ကျွန်တော်တို့လယ်ရှည်ခြေ Boot ကြီးတွေပေးတာတို့ အဲ့ဒါလေးတွေရှိပါတယ်။ သို့သော်လည်း များသောအားဖြင့်တော့ ဒီစီမံချက်တွေဟာ နိုင်ငံတကာကနေထောက်ပံ့ပြီးတော့ ဆောင်ရွက်တဲ့စီမံချက်တွေ ဖြစ်တဲ့အတွက်ကြောင့် Sustainable မဖြစ်ပါဘူး။

ခဏတဖြုတ် ဝုန်းဝုန်းဒိုင်းဒိုင်းလုပ်ကြပြီးတော့ ဒီနှစ်ကိုလုပ်တယ်။ နောက်နှစ်ကို မလုပ်ဖြစ်တော့ဘူး။ နောက်နှစ်ကိုလုပ်တယ်။ တစ်ခါနောက်နှစ်ကိုမလုပ်တော့ဘူး။ အဲဒီလိုလေးတွေ အဆက်ပြတ်တာ ရှိပါတယ်။ ယခုအခါမှာ ကျန်းမာရေးအတွက် ခွင့်ပြုရန်ပုံငွေတွေလည်းတိုးလာပြီး ဖြစ်တဲ့အတွက် ကြောင့်မို့လို့ အဲ့ဒီထဲကနေပြီတော့မှ ဒီဟာကိုအလေးထားပြီးတော့ ကျွန်တော်တို့ ဘတ်ဂျက်တွေကို သုံးမယ်ဆိုလို့ရှိရင် တောင်သူလယ်သမားများရဲ့အသက်ကို အများကြီးကယ်နိုင်မှာပါ။ မှန်ပါတယ်။ စောစောက ကိုယ်စားလှယ်တစ်ဦးပြောသွားသလို သေဆုံးတဲ့လူတွေကိုကြည့်လိုက်လို့ရှိရင် တကယ့် အားကောင်းမောင်းသန်လုပ်ငန်းခွင်တွေမှာ တက်တက်ကြွကြွဆောင်ရွက်နေတဲ့ လူငယ်၊ လူရွယ်၊ လူလတ်ပိုင်းတွေပဲ ဖြစ်ပါတယ်။ သူတို့ရဲ့လုပ်အားကိုမဆုံးရှုံးရအောင် နိုင်ငံတော်အနေနဲ့လည်း မြွေကိုက်ခံရတာနှင့်ပတ်သက်ပြီးတော့ ကျန်းမာရေးပညာပေးတာရှိသလို ကျေးရွာတွေမှာလည်း အဖွဲ့လေးအသင်းတွေဖွဲ့ပြီးတော့ မြွေဆိပ်ဖြေဆေးတွေကို စောစောစီးစီးရအောင်ဆောင်ရွက်နေတာ လည်း ကျွန်တော်တို့တွေ့ပါတယ်။ မြန်မာ့အာမခံလုပ်ငန်းကလည်း မြွေကိုက်တဲ့ မြွေကိုက်လူနာတွေကို ဆေးကုသတဲ့နေရာမှာ သက်သာမှုရှိအောင် ဆေးကုသစရိတ်ရရှိအောင်ဆိုပြီးတော့ မြွေအန္တရာယ် အာမခံဆိုပြီးတော့ ဆောင်ရွက်ထားတာရှိပါတယ်။ အဲ့ဒီ မြွေအန္တရာယ်အာမခံကတော့ တစ်နှစ်မှ ၅၀၀ ပဲသွင်းရတာပါ။ သို့သော်လည်း တကယ်လို့ အဲ့ဒီလယ်သမားဟာ မြွေကိုက်ခံရလို့ရှိရင် ဆေးကုသရမှာ ကတော့ တရားဝင်ဖြစ်တဲ့အစိုးရဆေးခန်း၊ နိုင်ငံတော်က ဖွင့်တဲ့ဆေးရုံမှာပဲ ကုရမှာဖြစ်ပါတယ်။ ကုလို့ ရှိရင် ဆေးကုသစရိတ် ၈၀၀၀၀ ထုတ်ပေးပါတယ်။ အကယ်၍ ဆေးကုရင်းနဲ့ မျက်လုံးကွယ်မယ်။ ကိုယ်တစ်ပိုင်းသေမယ်ဆိုရင် ၂၅၀၀၀၀ ထုတ်ပေးပါတယ်။ တခြားကိုယ်ခန္ဓာ ဥပမာ-လက်ဖြတ်လိုက်ရ တယ်။ တစ်ခုခုဖြစ်သွားတယ်။ ကိုယ်ခန္ဓာချို့ယွင်းသွားတယ်ဆိုလို့ရှိရင် သူတစ်ပါးထိခိုက်မှု အာမခံ နည်းဥပဒေပါရာခိုင်နှုန်းတွေအတိုင်းခံစားခွင့်ရှိပါတယ်။ အကယ်၍ သေဆုံးသွားခဲ့လို့ရှိရင် ၅၀၀၀၀၀ လျော်ကြေးရပါတယ်။ သို့သော်လည်း ဒီအာမခံစနစ်အောင်မြင်သလားဆိုတော့ မအောင်မြင်ပါဘူး။ အာမခံသိပ်မထားကြတဲ့အတွက်ကြောင့်မို့ မော်တော်ဆိုင်ကယ်လိုင်စင်လုပ်တဲ့အခါ လယ်သမားဆိုရင် ဒီအာမခံကိုဖြတ်ယူပါတယ်။ အာမခံလုပ်ကြပါဆိုပြီးတော့ အတင်းတိုက်တွန်းပါတယ်။ ဘာကြောင့် ဒီပိုက်ဆံလေး ၅၀၀ ပရီမီယံပေးရတာလေးနဲ့ ဒီခံစားခွင့်တွေလည်းရရဲ့သားနဲ့ မလုပ်ကြတာလဲဆိုတော့ မြန်မာလူမျိုးတွေရဲ့အယူအဆကလည်း ခက်ပါတယ်။ မြွေမှမကိုက်ခံရသေးဘူး မြွေကိုက်မယ်ဆို ပြီးတော့ ပိုက်ဆံ ၅၀၀ ပေးရတာ နိမိတ်မကောင်းဘူးဆိုပြီးတော့ တော်တော်များများက သွားပြီးတော့ အာမခံမလုပ်ကြပါဘူး။ နောက်တစ်ချက်ကလည်း အာမခံကလည်း ဝန်ထမ်းများဖြစ်တဲ့အတွက်

ကြောင့်မို့ လယ်သမားတွေကို သေသေချာချာနားလည်အောင် စည်းရုံးမှုအားနည်းတာကလည်း တစ်ကြောင်းဖြစ်နိုင်ပါတယ်။ အဲဒီလို အာမခံစနစ်တွေနဲ့ တောင်သူလယ်သမားတွေကို ကူညီလိုက်မယ်။ ကျွန်တော်တို့နိုင်ငံကလည်း မြေဆိပ်ဖြေဆေးတွေကို အားကြိုးမာန်တက် မရရတဲ့နည်းနဲ့ရအောင် ဆောင်ရွက်မယ်။ ဥပမာ- မြန်မာပြည်က မထုတ်လုပ်နိုင်တဲ့ကာလမှာ အိန္ဒိယဆေးတွေကို ဝယ်ပြီးတော့ Stop လုပ်ပြီးတော့ ဖြန့်ဝေတာတို့လုပ်မယ်။ နောက်ပြီးတော့လည်း မြေကိုက်တာနှင့်ပတ်သက်ပြီး စီမံချက်တွေကို အမြဲတမ်း Sustainable ဖြစ်အောင် ဆောင်ရွက်သွားမယ်လို့ဆိုလို့ရှိရင် စောစောက ကိုယ်စားလှယ်တစ်ဦးတင်ပြသွားသလို ကျွန်တော်တို့နိုင်ငံမှာလည်း မြေအန္တရာယ်ကို ကာကွယ်နိုင်မှာလည်းဖြစ်ပါတယ်။ ကျဆင်းသွားမှာလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဦးအောင်သိန်းလင်းရဲ့အဆိုဖြစ်တဲ့ တောင်သူလယ်သမားများ အများဆုံးကြုံတွေ့နေရတဲ့ မြေကိုက်ခံရခြင်းအတွက် လိုအပ်သည့် မြေဆိပ်ဖြေဆေးများကို နိုင်ငံတော်ပိုင် ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန်နှင့် ဆွေးနွေးချက်အရ ဆက်လက်ပြီး လိုအပ်တာတွေကို နိုင်ငံတော်အစိုးရအနေနဲ့ လုပ်ပေးသင့်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်၏အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်းလင်းကနေပြီးတော့ တောင်သူလယ်သမားများ အများဆုံးကြုံတွေ့နေရတဲ့ မြေကိုက်ခံရခြင်းအတွက် လိုအပ်သော မြေဆိပ်ဖြေဆေးများကို နိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေး စက်ရုံမှ လုံလောက်စွာ ဖြန့်ဖြူးပေးရန်ဆိုတဲ့ အဆိုနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါ

တယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ဆေးဝါးစက်ရုံ ၅ ရုံရှိပါတယ်။ စက်မှုဝန်ကြီးဌာနလက်အောက်မှာ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)၊ အမှတ်(၂) ဆေးဝါးစက်ရုံ(အင်ယောင်း)၊ အမှတ်(၃)ဆေးဝါးစက်ရုံ(စစ်ကိုင်း) တို့ရှိပြီးတော့ ကာကွယ်ရေးဝန်ကြီး ဌာန လက်အောက်မှာတော့ တပ်မတော်ဆေးဝါးစက်ရုံ(မှော်ဘီ)နှင့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)တို့ ရှိပါတယ်။ ဒီစက်ရုံ ၅ရုံကနေပြီးတော့ မြန်မာနိုင်ငံအတွက် လိုအပ်တဲ့ ဆေးဝါးတွေရဲ့ ၁၅ ရာခိုင်နှုန်းကို ထုတ်လုပ်ဖြန့်ဖြူးပြီးတော့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျန် ၈၅ ရာခိုင်နှုန်းက တော့ ပြည်ပကနေပြီးတော့ တင်သွင်းဖြည့်ဆည်းဆောင်ရွက်ပေးပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဟာလည်း ယခုအချိန် ပြည်တွင်းမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အနောက်တိုင်း ဆေးဝါးများ ထုတ်လုပ်ရန်အတွက်လည်း ဆေးဝါးစက်ရုံ ၇ ရုံကို တည်ဆောက်ရေးအတွက် ခွင့်ပြုစီမံ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နှစ်စဉ်အဆိပ်ရှိတဲ့သတ္တဝါ အကိုက်ခံရတဲ့ ဖြစ်စဉ်က ၁၄၀၀၀-၁၅၀၀၀ ခန့် ရှိပါတယ်။ ပျမ်းမျှခြင်းအားဖြင့် ၄၃၅ ဦးခန့် သေဆုံးကြောင်းကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ စာရင်းအချက်အလက် ကိန်းဂဏန်းများအရ သိရှိရပါ တယ်။ ထိုသို့ သေဆုံးမှုမှာ ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီမရောက်ခြင်း၊ ကိုက်သည့်မြွေအမျိုးအစား ခွဲခြားမသိခြင်းတို့ကြောင့်လည်း ပါဝင်ကြောင်းလေ့လာတွေ့ရှိရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းချက်အရ တစ်နှစ်ကို မြွေပွေးအဆိပ်ဖြေဆေး ၅၀၀၀၀ ခန့်နှင့် မြွေဟောက်အဆိပ်ဖြေဆေး ၅၀၀၀ ခန့်လိုအပ်ကြောင်း သိရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုဝန်ကြီးဌာနလက်အောက်မှာ ရှိတဲ့ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)ဟာ ၁၉၅၅ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီးတော့ အဆိပ် ဖြေဆေး၊ ကပ်ရောဂါကာကွယ်ဆေးများအပါအဝင် အနောက်တိုင်းဆေးဝါး ၁၈၆ မျိုးကိုလည်း ထုတ်လုပ်ပေးလျက် ရှိပါတယ်။ ၁၉၅၆ ခုနှစ်မှစ၍ အင်္ဂလန်နိုင်ငံမှ တင်သွင်းသော မြင်း ၇ ကောင်ဖြင့် မေးခိုင်နှင့်ဆုံဆို့နာ ဆေးများကို စတင်ထုတ်လုပ်ပြီးတော့ ၁၉၆၅ ခုနှစ်မှာတော့ မြွေဆိပ်ဖြေဆေးများကို စတင်ထုတ်လုပ်ခဲ့ပါတယ်။ မြွေဆိပ်ဖြေဆေးထုတ်လုပ်တဲ့နေရာမှာ မြင်းများကို ဝယ်ယူစုဆောင်းရပြီး မြင်းများကို အနားပေးခြင်း၊ ဆေးစစ်ခြင်း၊ ရောဂါများကင်းစင်အောင် ဆောင်ရွက်ခြင်း၊ အာဟာရ ဖြည့်စွက်စာများ ကျွေးမွေးခြင်း၊ မြွေဆိပ်ကို အဆင့်ဆင့်ကျင့်၍ ထိုးနှံပေးခြင်း၊ သွေးအောင်၊ မအောင် စမ်းသပ်ပြီး သွေးအောင်သည့်အထိ မြွေဆိပ်ကို ဆက်လက်ထိုးနှံရခြင်း၊ သွေးအောင်ပါက သွေးဖောက် ယူပြီး ယင်းသွေးရည်ကြည်ထုတ်လုပ်လျှင် မြင်းတစ်ကောင်မှ သွေးရည်ကြည် ၄ လီတာခန့်သာ

ရရှိပါတယ်။ ထိုသို့ လုပ်ငန်းစဉ်များ ဆောင်ရွက်တဲ့အခါမှာ မြင်းတစ်ကောင် စက်ရုံရောက်ရှိချိန်မှ စပြီးတော့ သွေးရည်ကြည်ထုတ်တဲ့အဆင့်အထိ အနည်းဆုံး ၅ လခန့်ကြာမြင့်ပါတယ်။ ဒီသွေးရည်ကြည်တွေကို သွေးသန့်စင်ခြင်း၊ အာနိသင်မြှင့်တင်ခြင်း၊ မလိုအပ်သော အမိုးနီးယားဖယ်ထုတ်ခြင်း၊ ပဏာမ အာနိသင်စမ်းသပ်ခြင်း၊ ဆေးဖျော်စပ်ခြင်း၊ ဇီဝ/ဓာတုအာနိသင်စမ်းသပ်ခြင်း၊ အဏုဇီဝစစ်ဆေးခြင်းနှင့် မြွေဆိပ်ဖြေဆေးများကို အဆင့်ဆင့်ထုတ်လုပ်ပြီးတဲ့အခါမှာ အချိန်အားဖြင့် ၁ လခွဲခန့် ကြာမြင့်ပါတယ်။ မြင်းသေဆုံးနှုန်း အနည်းဆုံးနှင့် အာနိသင်ပြည့်ဝတဲ့ မြွေဆိပ်ဖြေဆေးများရရှိရန်အတွက် မြင်းမွေးမြူခြင်း၊ မြွေဆိပ်ထိုးနှံခြင်း၊ သွေးဖောက်ယူခြင်း၊ ဆေးဖော်စပ်ခြင်းလုပ်ငန်းများကိုလည်း နည်းပညာ/နည်းစနစ်ကျွမ်းကျင်တဲ့ ဝန်ထမ်းများလည်း လိုအပ်ပါတယ်။ ဒီဝန်ထမ်းရရှိဖို့အတွက်လည်း စက်မှုဝန်ကြီးဌာနအနေနဲ့ လေ့ကျင့်စီမံဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြွေပွေးအဆိပ်ဖြေဆေးတိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် ပြင်ပကနေပြီးတော့ အရည်အသွေးမီတဲ့ ဆေးဝါးသုံးမြင်းများဝယ်ယူရရှိဖို့ အခက်အခဲရှိလာတဲ့အတွက်ကြောင့် ဝန်ကြီးဌာနကြီးကြပ်မှုအောက်မှာ ရန်ပယ်၊ ဟဲဟိုး၊ မှော်ဘီမြင်းမွေးမြူရေးစခန်းများတည်ဆောက်ပြီး မြင်းများကိုလည်း မွေးမြူလျက်ရှိပါတယ်။ မြင်းများဝယ်ယူရမှု အခက်အခဲကြောင့် သိုးကနေပြီးတော့ မြွေပွေးအဆိပ်ဖြေဆေးကို ၂၀၀၆ ခုနှစ်မှ စတင်ပြီးတော့ ထုတ်လုပ်ဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ သယ်န်းကျွန်းစံပြဆေးရုံကြီးမှာ မြွေကိုက်လူနာများကို Clinical Trial အဖြစ်နဲ့ စမ်းသပ်ခဲ့တဲ့အခါမှာ လူနာ ၆ ဦးကို ၆ ဦးစလုံး မြွေဆိပ်ဖြေနိုင်ပြီးတော့ စမ်းသပ်မှုအောင်မြင်ခဲ့ပါတယ်။ ဒါကြောင့် သိုးကနေပြီးတော့ မြွေဆိပ်ဖြေဆေးထုတ်လုပ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နေပါတယ်။ ခွင့်ပြုချက်ရတာနှင့် တပြိုင်တည်း ဆက်လက်ပြီးတော့လည်း နှစ်စဉ် အလုံးရေ ၁၀၀၀၀ တိုးမြှင့်ထုတ်လုပ်ရန်အတွက်လည်း စီမံဆောင်ရွက်ထားပြီးဖြစ်သလို သိုးကနေပြီးတော့ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် သိုးမွေးမြူရေးစခန်းများ တည်ဆောက်ပြီးတော့ သိုးများကို မွေးမြူထားရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအနေအထားအရ မြွေဟောက် မြွေဆိပ်ဖြေဆေးက လိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးနိုင်ပါတယ်။ သို့သော်လည်း မြွေပွေးအဆိပ်ဖြေဆေးကိုတော့ တစ်နှစ်လျှင် ၂၅၀၀၀ ခန့်သာ ထုတ်လုပ်ပေးနိုင်ပါတယ်။ လိုအပ်တဲ့ မြွေပွေးအဆိပ်ဖြေဆေးကိုလည်း ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဝယ်ယူတင်သွင်းသုံးစွဲနေကြောင်းလည်း သိရှိရပါတယ်။ ပြည်ပမှတင်သွင်းလာတဲ့ မြွေဆိပ်ဖြေဆေးတွေဟာ ဒေသမြွေများမှ အဆိပ်ထုတ်လုပ်ခြင်း မဟုတ်တဲ့အတွက်ကြောင့် အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)က

ထုတ်လုပ်တဲ့ မြွေဆိပ်ဖြေဆေးများထက် အာနိသင်နည်းပါးကြောင်းကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ အသိပေးမှုအရသိရှိရပါတယ်။ မြွေဆိပ်ဖြေဆေးကို အချိန်မီထိုးပေးလျှင် မြွေကိုက်လူနာကို အသက်ကယ်နိုင်မည်ဖြစ်သော်လည်း မြွေဆိပ်ပမာဏ၊ ကိုက်ခံရသည့် ခန္ဓာကိုယ်အစိတ်အပိုင်း၊ ဆေးထိုးရန်ကြာမြင့်သည့် အချိန်ပေါ် မူတည်ပြီးတော့ လူနာရဲ့ကျန်းမာရေးဟာ အနည်းနှင့်အများ ထိခိုက်မည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြင်းကနေပြီးတော့ မြွေဆိပ်ဖြေဆေးများ လက်ရှိထုတ်လုပ်နေတဲ့အရေအတွက် ထက်တိုးမြှင့်ထုတ်လုပ်ရန်ကိုလည်း စီမံချက်များချမှတ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ထို့နည်းလည်းကောင်းပဲ သိုးကနေတော့ မြွေဆိပ်ဖြေဆေးထုတ်လုပ်ခွင့်ကိုလည်း ကျန်းမာရေးဝန်ကြီးဌာနရဲ့ အတည်ပြုချက်ရရှိအောင် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်) ပင်မနေရာမှာလည်း နေရာအကန့်အသတ်ရှိတဲ့အတွက်ကြောင့် စက်ရုံပိုင်မှော်ဘီစခန်းမှာ Current Good Manufacturing Practices များနှင့်အညီ မြွေဆိပ်ဖြေဆေးတိုးမြှင့်ထုတ်လုပ်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လိုအပ်ချက်ရှိနေတဲ့ မြွေဆိပ်ဖြေဆေးများကို အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)မှ နှစ်အလိုက် တိုးမြှင့်ထုတ်လုပ်သွားရန် စီမံဆောင်ရွက်ထားသကဲ့သို့ တစ်ဖက်မှလည်း မြွေအန္တရာယ်ကာကွယ်တဲ့ တစ်ကိုယ်ရည်အန္တရာယ်အကာအကွယ်ပစ္စည်းများ (Personal Safety Harness) ဖြစ်တဲ့ လက်အိတ်တွေ၊ ဖိနပ်များကို ဝတ်ဆင်ပြီးတော့ ကြိုတင်ကာကွယ်မှုကိုလည်း တောင်သူလယ်သမားကြီးများအနေဖြင့် ဆောင်ရွက်နိုင်စေရေး ပညာပေးခြင်း၊ အကူအညီပေးခြင်းများကိုလည်း ဆောင်ရွက်သင့်ပါကြောင်းနှင့် ဖော်ပြပါမေးမြန်းလာသည့် အဆိုအား မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်သိန်းလင်း တင်သွင်းတဲ့အဆိုနှင့်ပတ်သက်ပြီးတော့ ကိုယ်စားလှယ် ၅ ဦးဆွေးနွေးသွားပါတယ်။ ဆွေးနွေးတဲ့နေရာမှာ ဆေးဝါးများပိုမိုထုတ်လုပ်မှုအတွက်ကတော့ သက်ဆိုင်ရာဝန်ကြီးဌာနအပိုင်းနှင့်ဆိုင်ပြီး မြွေကိုက်ခံရဖွယ်ရှိတဲ့ ကျေးလက်ဆေးပေးခန်း၊ တိုက်နယ်ဆေးရုံများအထိ မြွေဆေးများထားရှိပေးရေး၊ တောင်သူလယ်သမားများ ပညာပေးရေးနှင့် ကုသရေးအပိုင်းမှာကျတော့ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပိုပြီးတော့သက်ဆိုင်တဲ့ သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ဒီအစည်းအဝေးမှာလည်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတက်ရောက်လာတဲ့အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပိုမိုထုတ်လုပ်ပေးမယ့်

ဆေးဝါးများကို ရောက်ရှိသင့်တဲ့နေရာ ရောက်ရှိအောင် ထားရှိရေး၊ ပညာပေးရေး၊ ကုသပေးရေးမှာ ပူးပေါင်းဆောင်ရွက်သွားရန်လိုမယ်လို့ တင်ပြချက်များအရ သုံးသပ်ရရှိပါတယ်။ တဖန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ကိုယ်စားလှယ်က ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်နေပြီ ဒါကြောင့်မို့လို့ မှတ်တမ်းထားရှိပါဆိုတဲ့ အနေအထားပဲ တင်ပြသွားတာဖြစ်တဲ့အတွက် လွှတ်တော်အနေနဲ့ မှတ်တမ်းတင်ထားရှိပြီးတော့ ဝန်ကြီးဌာနရဲ့ဆောင်ရွက်ချက်များကို စောင့်ကြည့် ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုနှင့်ပတ်သက်ပြီးတော့ သီးခြားမဲခွဲစရာ မလိုဘဲနှင့် ဒီအဆိုကိုပဲ လွှတ်တော်ကို တင်ပြအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း တင်သွင်းတဲ့ တောင်သူလယ်သမားများ အများဆုံးကြုံတွေ့နေရသည့် မြွေကိုက်ခံရခြင်းအတွက် လိုအပ်သည့် မြွေဆိပ်ဖြေဆေးများကို နိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာ ထုတ်ယူဖြန့်ဖြူးပေးရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များကို ကြိုတင်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်က တိုက်တွန်းအတည်ပြု မှတ်တမ်းတင်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း တင်သွင်းတဲ့ တောင်သူလယ်သမားများ အများဆုံး ကြုံတွေ့နေရတဲ့ မြွေကိုက်ခံရခြင်းအတွက် လိုအပ်သည့် မြွေဆိပ်ဖြေဆေးများကို နိုင်ငံပိုင်ဆေးဝါး ထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာ ထုတ်ပေးဖြန့်ဖြူးပေးရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များကို ကြိုတင်ဆောင်ရွက်ရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်၏ တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အကျိုးပြုစေရန် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးအတွက် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆောင်ရွက်ရန်တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အကျိုးပြုစေရန် အတွက် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်နိုင်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံတွေကို ပြန်လည်ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးဆောင်ရွက်ရန်အတွက် အစိုးရကို တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ အချိန်ကိုငဲ့ညှာသောအားဖြင့် နည်းနည်းပဲ လျှော့ပြီး တော့ပြောပါမယ်။ တကယ့်တကယ်ကျတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါတယ်။ ဈေးကွက်စီးပွားရေး ဆိုတဲ့မူအရ ဈေးကွက်ထဲမှာ ဝယ်လိုအားနှင့် ရောင်းလိုအားရဲ့အားမျှခြေပေါ်မှာ တည်ပြီးတော့ လွတ်လပ်စွာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ကြရမဲ့ ဖြစ်ပါတယ်။ အဲလို ဆောင်ရွက်တဲ့ အခါမှာ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေကို လွတ်လပ်ပြီးတော့ မျှတစွာ ယှဉ်ပြိုင်နိုင်တဲ့ဈေးကွက်ဖြစ်ဖို့ အစိုးရက စောင့်ကြည့်ထိန်းညှိပေးရန် ဖြစ်ပါတယ်။ စီးပွားရေးစနစ်ထဲကို ပုဂ္ဂလိကများနှင့်အတူ အစိုးရ က တန်းတူပါဝင်ရမှာ မဟုတ်ပါဘူး။ တစ်နည်းအားဖြင့်ဆိုရင် အစိုးရက ဝင်ရောက်မလုပ်ကိုင်သင့် ကြောင်းကိုတိုက်တွန်းချင်တယ်။ အဆိုပါအခြေခံသဘောတရားအရ ပုဂ္ဂလိက စီးပွားရေးဖွံ့ဖြိုးမှုကို အဓိကမဏ္ဍိုင်ပြုပြီးတော့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဖြစ်နိုင်သမျှ အနည်းဆုံးပမာဏနှင့် ပုဂ္ဂလိက ကဏ္ဍကို လုပ်ကိုင်နိုင်စွမ်းမရှိတဲ့ ကဏ္ဍများထဲမှာပဲ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ဆောင် ရန် ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ရှေးယခင် ဆိုရှယ်လစ်စီးပွားရေးစနစ်က ကျင့်သုံးခဲ့တဲ့ လက်ကျန်အဖြစ် ကျန်ရှိနေတဲ့ နိုင်ငံပိုင်လုပ်ငန်းများစွာ ရှိနေပါတယ်။ ဘတ်ဂျက်ကလည်း ကာလရှည်ကြာ အရှုံးပေါ်ပြီးတော့ ဒီနှစ်ရှည်လများ ရှုံးနေတဲ့ နိုင်ငံတော်စီးပွားရေးလုပ်ငန်းတွေက လည်း တိုင်းပြည်အတွက် အများကြီးနစ်နာမှုရှိပါတယ်။ ဒီလုပ်ငန်းတွေကို ပုဂ္ဂလိကကဏ္ဍအဖြစ် အသွင်ကူးပြောင်းရေးလုပ်ဆောင်ရန် လိုအပ်လာပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အခြေခံ အားဖြင့် လမ်းနှစ်သွယ်ပဲပြောပါတော့မယ်။ အစက သုံးသွယ်ပြောမလို့ လူကြီးမင်းများ ရှုပ်သွားမှာ စိုးလို့ပါ။ အချိန်လည်းမရှိလိုပါ။ ပထမနည်းလမ်းမှာတော့ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံတော် ဘတ်ဂျက်အတွင်းကနေ ကျခံသုံးစွဲတဲ့ အစိုးရဌာနတွေရဲ့ပုံစံမဟုတ်ဘဲနှင့် မိမိအဖွဲ့အစည်း အလိုက် ရန်ပုံငွေထူထောင်ပြီး ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရှိသော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရပ်တည် ဆောင်ရွက်စေရန် ပြန်လည်ဖွဲ့စည်းခြင်းဖြစ်ပါတယ်။ အဲဒီနည်းက မြန်မာနိုင်ငံအတွက် အသစ်အဆန်း မဟုတ်ပါဘူး။ လွတ်လပ်ရေးရပြီးတဲ့အချိန်တုန်းက အစိုးရတစ်ပိုင်း၊ အဖွဲ့အစည်းတွေ ဖွဲ့စည်းခဲ့တဲ့ Board and Corporation တွေ့ရှိခဲ့ပါတယ်။ တစ်နည်းအားဖြင့် Agency ကို ဆိုလိုတာပါ။

အဲဒီအချိန်တုန်းကဆိုရင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ အဲဒီတုန်းက RESB နောက်တစ်ခါ သစ်လုပ်ငန်းဆိုရင် STB အဲဒီလိုအခေါ်အဝေါ်နှင့် Board and Corporation တွေကို ကိုယ်ပိုင် လုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကျတော့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ ပုဂ္ဂလိကကို အပြီးအပိုင် လွှဲပြောင်းပေးပြီးတော့ ထိုသို့ လွှဲပြောင်းဆောင်ရွက်တဲ့အခါကျတော့ ပုံစံကလေး ၃ မျိုး လုပ်ကိုင်ရမှာ ဖြစ်ပါတယ်။ ပုံစံကလေး ၃ မျိုးကို နည်းနည်းလေးရှင်းပြချင်ပါတယ်။ (၁) ကတော့ သေးငယ်တဲ့ လုပ်ငန်းငယ်လေးတွေကို ပုဂ္ဂလိကသို့ အပြီးအပိုင်လေလံတင်လွှဲပြောင်းလုပ်ကိုင်စေရမှာ ဖြစ်ပါတယ်။ (၂) ကကျတော့ အလယ်အလတ် အရွယ်အစားရှိတဲ့လုပ်ငန်းတွေကို အစိုးရနှင့် ပုဂ္ဂလိက ပူးတွဲဖက်စပ် လုပ်ငန်းအဖြစ် တည်ထောင်လုပ်ကိုင်ပြီးတော့ လုပ်ငန်းစီမံခန့်ခွဲမှုကို ပုဂ္ဂလိကကဏ္ဍကို ပိုမိုပြီးတော့ ခွင့်ပြုလုပ်ကိုင်စေခြင်းဖြစ်ပါတယ်။ (၃) ကျတော့ အကြီးစားလုပ်ငန်းများနှင့် လုပ်ငန်းစု များကို ဦးပိုင်လုပ်ငန်းများအဖြစ် စုစည်းပြီးတော့ Public ကုမ္ပဏီ၊ အများပိုင်ကုမ္ပဏီ တည်ထောင် ပြီးတော့ Stock and Share အရင်းအနှီးဈေးကွက်တွင် ဈေးကွက်ဝင်လုပ်ငန်းကြီးများအဖြစ် ဖွဲ့စည်းလုပ်ကိုင်နေခြင်း ဖြစ်ပါတယ်။ ဒီမှာ နည်းနည်းပြောချင်တာက လေလံတင်ရောင်းချမယ်ဆိုတဲ့ ကိစ္စမှာကျတော့ လေလံတင်ရောင်းချခြင်းအတွက် မသမာမှုတွေဖြစ်ပေါ်လာနိုင်ပြီးတော့ အာဏာပိုင် အသိုင်းအဝိုင်းနဲ့နီးစပ်တဲ့ ပုဂ္ဂလိကလုပ်ငန်းရှင် လက်တစ်ဆုပ်စာရဲ့လက်ထဲကို အစုအလိုက်အပြုံ အလိုက်ရောက်သွားမှာကိုလည်း သတိပြုသင့်ပါတယ်။ ဥပမာ ကျောက်မျက်ရတနာတွေ လေလံတင် ရောင်းချသလို တစ်ပြိုင်တည်းပဲ အဆိုပြုလိုက်မယ်။ တစ်ပြိုင်တည်းပဲ ဆုံးဖြတ်တဲ့စနစ် ကျင့်သုံးမယ် ဆိုရင်တော့ မသမာမှုတွေလျော့သွားနိုင်ပါတယ်။ အလယ်အလတ် အရွယ်အစားရှိတဲ့ ပုဂ္ဂလိကလုပ်ငန်း တွေ ပူးတွဲဖက်စပ်လုပ်ကိုင်တဲ့အခါမှာ လုပ်ငန်းပုံစံက အစိုးရ၏ တစ်ဦးချုပ်လုပ်ငန်း ပုံစံကနေပြီးတော့ ပုဂ္ဂလိက တစ်ဦးချုပ်လုပ်ငန်းပုံ ဖြစ်သွားနိုင်ဆိုတဲ့အချက်ကို သတိပြုရပါမယ်။ အဲဒီတော့ တတိယ အချက်အနေနဲ့ ခုနက ကျွန်မပြောတဲ့ Stock and Share ဈေးကွက်ကြီးတည်ထောင်ပြီးရင် ဆိုရင် တော့ မူဝါဒသဘောအားဖြင့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံတွေကို ပြန်ပြီးတော့ ဖွဲ့စည်းဖို့အတွက် Monitoring and Evaluation လုပ်ရမှာ ဖြစ်ပါတယ်။ နောက်ပြီးလက်တွေ့လုပ်ဆောင်တဲ့အခါမှာ မူဝါဒပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ စီးပွားရေးပညာရှင်တွေပါဝင်တဲ့ အဆင့်မြင့်ပညာတတ် သော လုပ်ငန်းကျွမ်းကျင်သော ကော်မရှင်တွေကို ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အတွက်ကို Assets value ကော်မရှင်ပုံစံမျိုး ဖွဲ့စည်းလုပ်ကိုင်သင့်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသီဟကျော် ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံး အကောင်အထည်ဖော်လျက်ရှိပါတယ်။ ခေတ်ပြောင်းစနစ်ပြောင်းတာနှင့်အမျှ စီးပွားရေးပေါ်လစီများ လည်း အချိုးကျပြောင်းလဲရန် လိုအပ်ပါတယ်။ ဒေါ်တင်နွယ်ဦးတင်သွင်းတဲ့အဆိုဟာ အရှုံးပေါ်နေတဲ့ အစိုးရပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ကိုင်ခြင်းအားဖြင့် အကျိုးကျေးဇူးများ ရရှိလာနိုင်ခြင်း၊ နိုင်ငံတော်အစိုးရငွေလုံးငွေရင်းတိုးလာနိုင်ခြင်း၊ လုပ်ငန်းများ စီမံခန့်ခွဲရန်တာဝန်နှင့် ဘဏ္ဍာငွေထည့်ဝင်ရတဲ့တာဝန်များလည်း လျော့ပါးလာနိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းများ အရေအတွက် နှင့်အရည်အသွေးပါ တိုးတက်လာနိုင်ပြီး စားသုံးသူများ အကျိုးရှိစေမှာဖြစ်တဲ့အတွက် ဒေါ်တင်နွယ်ဦး တင်သွင်းတဲ့အဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေးပေးနိုင်ပါရန် ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံ သွားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဒေါ်တင်နွယ်ဦး တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး တင်သွင်းတဲ့ အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး တင်သွင်းတဲ့ အဆိုနှင့်ပတ်သက်၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် ၁၃း၀၀ နာရီအရောက် ပြည်သူ့လွှတ်တော်ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၂) ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်**၊ ၁၂း၁၅ ။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ၁၂း၁၅ နာရီတွင် ရပ်နားပါသည်။**]**